# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

# (၁၇) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့

## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၅၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၉၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ၂၄-၂-၂၀၁၄ ရက်နေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူ ၇၂ ဦး ရှိတဲ့အနက် ၁၃ ဦးမှာ ယခင်နေ့များကတိုင်ကြားထားပြီး ယနေ့ခွင့်ပန်ကြားသူ ၅၉ ဦး စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီမှ ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာဖြစ်ပါတယ်။

(၁) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၃) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၅ ရက်၊

(၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၅) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၅ ရက်၊

(၆) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၇) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၅ ရက်၊

(၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၅ ရက်၊

(၉) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၅ ရက်၊

(၁၀) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၅ ရက်၊

(၁၁) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင် ခွင့် ၅ ရက်၊

(၁၂) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

(၁၃) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၅ ရက်၊

(၁၄) ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ဦးမောင်ပါ ခွင့် ၃ ရက်၊

(၁၅) မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင် ခွင့် ၂ ရက်၊

(၁၆) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၂ ရက်၊

(၁၇) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၂ ရက်၊

(၁၈) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၁၉) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၂၀) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၂၁) ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း ခွင့် ၁ ရက်၊

(၂၂) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၂၃) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၂၄) ဇန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၁ ရက်၊

(၂၅) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၂၆) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၂၇) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၁ ရက်၊

(၂၈) မင်္ဂလာတောင်ညွန့်မဲဆန္ဒနယ်မှ ဒေါ်ဖြူဖြူသင်း ခွင့် ၁ ရက်၊

(၂၉) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့် ခွင့် ၁ ရက်၊

(၃၀) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၁ ရက်၊

(၃၁) ဇဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့် ခွင့် ၁ ရက်၊

(၃၂) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၃) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၁ ရက်၊

(၃၄) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၃၅) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၃ ရက်၊

(၃၆) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၁ ရက်၊

(၃၇) စစ်ကိုင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သိန်း ခွင့် ၁ ရက်၊

(၃၈) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၄ ရက်၊

(၃၉) တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း ခွင့် ၁ ရက်၊

(၄၀) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၄၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးဋ္ဌေးလွင် ခွင့် ၁ ရက်၊

(၄၂) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ခွင့် ၁ ရက်၊

(၄၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၁ ရက်၊

(၄၄) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၅ ရက်၊

(၄၅) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဋ္ဌေးဝင်း ခွင့် ၂ ရက်၊

(၄၆) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၅ ရက်၊

(၄၇) ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း ခွင့် ၂ ရက်၊

(၄၈) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၄၉) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၅၀) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၅ ရက်၊

(၅၁) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၅ ရက်၊

(၅၂) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၅၃) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၅၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၅၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ခွင့် ၁ ရက်၊

(၅၆) လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၅၇) မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့် ခွင့် ၁ ရက်၊

(၅၈) မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဋ္ဌေးကြွယ် ခွင့် ၁ ရက်၊

**မူကြမ်း**

(၅၉) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၃ ဦး ယနေ့ ခွင့်ပြုထားသူ ၅၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်အရ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဘားအံစက်မှုဇုန်တွင်ပါဝင်သွားသော လယ်မြေ ၆၅.၅၂ ဧက အပေါ်နစ်နာသော လယ်သမားများအတွက် အခွင့်အရေး၊ နစ်နာကြေးတစ်စုံတစ်ရာရရှိရန်အတွက် သက်ဆိုင်ရာမှဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ ဘားအံမဲဆန္ဒနယ်ရဲ့ ဘားအံစက်မှုဇုန်အတွင်းမှာပါဝင်နေတဲ့ လယ်ယာမြေ ၆၅.၅၂ ဧကအပေါ်မှာ နစ်နာသောလယ်သမားများအတွက် အခွင့်အရေး နစ်နာကြေးတစ်စုံတစ်ရာရရှိနိုင်ရန်အတွက် သက်ဆိုင်ရာမှ မည်ကဲ့သို့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတာကိုသိရှိလိုခြင်းဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင့်။ ဘားအံစက်မှုဇုန်ဟာ ၂၀၁၁ ခုနှစ်မှာ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့တဲ့ စက်မှုဇုန်ရဲ့ မြေနေရာဟာ မြေလွတ်၊ မြေရိုင်းများဖြင့် ၉၀၃.၄၈ ဧကနှင့် လယ်မြေဧက ၆၅.၅၂ ဧက ပါဝင်နေပါတယ်ရှင်။ ဤလယ်မြေကိစ္စနှင့် ပတ်သက်ပြီးတော့ လယ်သမားများရဲ့နစ်နာချက်များကို ပြည်သူ့လွှတ်တော်သို့ တင်ပြလာတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်၊ လယ်ယာမြေစုံစမ်းရေးကော်မရှင်အဖွဲ့ကနေပြီးတော့ အဖွဲ့ ကိုး အနေဖြင့် ၁၇-၉-၂၀၁၂ ရက်နေ့မှာ ဘားအံခရိုင် အစည်းအဝေးခန်းမမှာ လယ်သမားများကို ခေါ်ယူမေးမြန်းခဲ့ပါတယ်ရှင့်။ ဒ့ါအပြင် ဤလယ်ယာမြေကို စုံစမ်းမေးမြန်းခဲ့စဉ်က ဤအခင်းဖြစ်မြေရဲ့ ရာဇဝင်ကို သိရှိနားလည်တဲ့ ရှေ့မီနောက်မီ ဥက္ကဋ္ဌဟောင်းကိုလည်းပဲ ခေါ်ယူဖိတ်ကြားခဲ့ပါတယ်ရှင့်။ ထိုသို့မေးမြန်းခဲ့စဉ်က ထွက်ဆိုရာမှာ ဥက္ကဋ္ဌက ဤလယ်မြေများဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်က နယ်မြေဒေသအေးချမ်းမှုမရှိတဲ့အတွက်ကြောင့် ပြလေးပြစနစ်ကိုကျင့်သုံးခဲ့ပြီး အစိုးရကနေပြီးတော့ (ပလဖ) မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဆောင်ရွက်ဖို့ဆိုပြီးတော့ သိမ်းယူခဲ့ပါတယ်။

သို့သော်လည်းပဲ တရားဝင်သိမ်းဆည်းခွင့် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိတဲ့အပြင် ဤလယ်မြေများကိုလည်းပဲ (ပလဖ)ဝန်ထမ်းများမှ ထိထိရောက်ရောက် လုပ်ကိုင်ဆောင်ရွက်ခြင်း

လည်းမရှိခဲ့ပါဘူး။ စိုက်ပျိုးလုပ်ကိုင်မှုမရှိတဲ့အတွက်ကြောင့် တပ်မတော်အစိုးရလက်ထက်မှာ တောင်သူလယ်သမားများကို ပြန်လည်ခေါ်ယူပြီး လယ်ယာမြေကို ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်ရှင်။ ဒီလို လုပ်ကိုင်ခွင့်ပေးတဲ့အခါမှာ ဘားအံမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှာ လယ်သမားတွေကိုခေါ်ယူခဲ့ပါတယ်။ လယ်သမားများနှင့် (ခရက) ဥက္ကဋ္ဌနဲ့ (ပလဖ) စိုက်ထဲကတာဝန်ခံနဲ့အတူ ကျေးရွာဥက္ကဋ္ဌဟောင်းများလည်း ပါဝင်ခဲ့ပါတယ်ရှင်။

ဒါပေမယ့် လယ်သမားများကို လယ်မြေအခွန်ထမ်းဆောင်ရာမှာ ပြန်လည်ပြီးတော့ပေးပါ့မယ်လို့ အဲ့ဒီတုန်းကလည်းပဲ ကတိကဝတ်ပေးခဲ့ပါတယ်။ ဒါပေမယ့် လုပ်ကိုင်ခွင့်ပေးတဲ့နေရာမှာလည်းပဲ ပါးစပ်နဲ့ နှုတ်နဲ့သာပြောခဲ့တဲ့အတွက်ကြောင့် တကယ့်တကယ်မှာတော့ လုပ်ပိုင်ခွင့်ပြေစာရရှိခဲ့ခြင်း မရှိပါဘူး။ ဒါ့ကြောင့်မို့ လယ်သမားတွေက ဤလယ်မြေကို ပြန်လည်လုပ်ကိုင်ခဲ့သည်မှာ ၁၀ နှစ်တိုင် ကာလကျော်လာခဲ့ပြီးတဲ့နောက်မှာတော့ ဤကျွန်မတို့ရဲ့စနစ်ကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကနေ တပ်မတော်အစိုးရလက်ထက်မှာ လွတ်လပ်စွာလုပ်ကိုင်ခွင့်ရှိသလို ဒီဘက်ခေတ်ကိုရောက်တဲ့အခါကျတော့မှ စက်မှုဇုန်ခေတ်နဲ့ဆိုပြီးတော့ ပြန်လည်သိမ်းဆည်းခံခဲ့ရပါတယ်။ ဒါ့ကြောင့်မို့လို့ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့မှာ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကနေပြီးတော့ အမိန့်အမှတ်(၂/၂၀၁၃) နဲ့ အမိန့်ထုတ်ပြန်ခဲ့ပါတယ်။ အမိန့်က (က) လယ်ယာမြေဥပဒေအခန်း (၁၂)၊ ပုဒ်မ ၉ အပိုဒ်ခွဲ (ဂ)အရ နှင်ထုတ်ခြင်းအမိန့်နှင့် လယ်မြေပေါ်မှ ထွက်ခွာပေးရန်၊ (ခ) လယ်ယာမြေဥပဒေပုဒ်မအခန်း(၇)၊ ပုဒ်မ ၁၉ အပိုဒ်ခွဲ (ဃ) အရ လယ်မြေတွင် ခွင့်ပြုချက်မရရှိဘဲ ဆောက်လုပ်ထားသောအဆောက်အဦများကို ဖယ်ရှားပေးရန်ဆိုပြီးတော့ ထိုအမိန့်ကို ၁-၁-၂၀၁၄ ရက်နေ့မှ ၁၅-၁-၂၀၁၄ ရက်နေ့အထိ ၁၅ ရက်အတွင်း လိုက်နာဆောင်ရွက်ရန်၊ ထိုအမိန့်ကို လိုက်နာဆောင်ရွက်ရန်မရှိပါက သို့မဟုတ် သတ်မှတ်ရက်ကျော်လွန်ပါက ထိုမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တရားရုံးတွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း တင်ပြသွားပါတယ်။

ဒါ့ကြောင့်မို့လို့ လယ်သမားများကနေပြီးတော့ သိရှိလိုသည်မှာ မိမိတို့ရဲ့ ဘိုးဘွားပိုင်မြေများကို မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာ သိမ်းချင်သလိုသိမ်းခဲ့ပြီး တပ်မတော်အစိုးရလက်ထက်မှာ ပြန်လည်လုပ်ကိုင်ခွင့်ပေးခဲ့ပါတယ်။ ယခုဒီမိုကရေစီခေတ်ရောက်မှ ၎င်းတို့ရဲ့ပိုင်ဆိုင်တဲ့လယ်မြေတွေ၊ ပူးပေါင်းပိုင်မြေတွေကို လုပ်ကိုင်ခွင့်မရရှိတော့ဘဲ စက်မှုဇုန်မြေအဖြစ် ပြန်လည်သတ်မှတ်ခြင်းမှာ မိမိတို့ရဲ့ လယ်သမားများအတွက် အခွင့်အရေး နစ်နာကြေးတစ်စုံတစ်ရာ ရရှိခံစားခွင့်ပေးရန်၊ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတာကို သိရှိလိုပါကြောင်းဆိုပြီးတော့ ကျွန်မကို ပြန်ပြီးတော့ မေးစေပါ

တယ်။ ဒါ့ကြောင့်မို့လို့ ဒီမေးခွန်းနဲ့ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ရှင့်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တတ်ရောက်လာကြတဲ့ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ရှေးဦးစွာမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမျိုးအောင် ဖြစ်ပါတယ်။ အခု အစည်းအဝေးမှာ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာရဲ့မေးခွန်းနဲ့ပတ်သက်ပြီး စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဘားအံစက်မှုဇုန်ဟာ ဘားအံမြို့မှ ခုနစ်မိုင်ခန့်အကွာ၊ ဘားအံ-လှိုင်းဘွဲ့ကားလမ်းနံဘေး၊ မိဖံကျေးရွာနှင့် စံဖရီးကျေးရွာကြားတွင်တည်ရှိပြီး စက်မှုဌာနမှ လွှဲပြောင်းပေးခဲ့သည့်မြေဧက ၉၆၉ ဧက အပါအဝင် မြေဧရိယာ ၁၀၀၅.၇၅ ဧက ကျယ်ဝန်းပါတယ်။ ဘားအံစက်မှုဇုန်မြေဟာ ဘားအံမြို့နယ်၊ ကော့ထော်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၀၉၈-က)မှ မြေရိုင်း ၄၅၉.၈၆ ဧက၊ စံဖရီးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၉၈-ခ) မှ မြေရိုင်း ၄၀၅.၈၉ ဧကနှင့် လယ်မြေ ၅၇ ဧက၊ မိဖံကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၀၉၆-ခ)မှ မြေရိုင်း ၇၄.၄၈ ဧကနှင့် လယ်မြေ ၈.၅၂ ဧက၊ စုစုပေါင်းမြေရိုင်း ၉၄၀.၂၃ ဧကနှင့် လယ်မြေ ၆၅.၅၂ ဧကဖြစ်ပါတယ်။ အဆိုပါမြေနေရာများဟာ ၁၉၈၅ ခုနှစ် မတိုင်မီအချိန်က မည်သူမျှ စိုက်ပျိုးလုပ်ကိုင်မှုမရှိသော မြေများဖြစ်ခြင်းကြောင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်နှင့် နှစ်ရှည်သီးနှံ ရော်ဘာနှင့် သီဟိုဠ်စိုက်ပျိုးမှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် ထိုစဉ်က ပြည်သူ့ကောင်စီ၏ အဆိုပြုတင်ပြမှုအရ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန၊ ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့က ၁၉၈၅ ခုနှစ်မှစ၍ ရော်ဘာနှင့် သီဟိုဠ်ခြံများ တည်ထောင်ခဲ့ပါတယ်။

ပြည်သူ့လုပ်အားနေရာချထားရေးအဖွဲ့က ရော်ဘာနှင့်သီဟိုဠ်ခြံအဖြစ် အသုံးပြုခဲ့တဲ့မြေရိုင်း ၉၄၀.၂၃ ဧကနှင့် လယ်မြေ ၆၅.၅၂ ဧကတို့အား ၁၉၉၅ ခုနှစ်မှာ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းကို လွှဲပြောင်းပေးခဲ့ပြီး၊ ၎င်းမြေဧရိယာအနက် မြေ ၉၆၉.၀ ဧကကို ၂၀၀၄ ခုနှစ်တွင် မြန်မာ့နှစ်ရှည်ပင်လုပ်

ငန်းမှ စက်မှုဝန်ကြီးဌာန အမှတ် (၂) ယခင် စက်မှုဝန်ကြီးဌာနသို့ မြေဧရိယာ ၉၆၉ ဧကကို ထပ်မံလွှဲပြောင်းပေးခဲ့သဖြင့် စက်မှုဝန်ကြီးဌာနအနေဖြင့် ရော်ဘာနှင့် သီဟိုဠ်ခြံမြေအဖြစ် ဆက်လက်အသုံးပြုခဲ့ပါတယ်။

နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးအတွက် ၂၀၁၁ ခုနှစ်တွင် ဘားအံစက်မှုဇုန်အဖြစ် တည်ထောင်နိုင်ရန် အဆိုပါမြေ ၉၆၉ ဧကကို စက်မှုဝန်ကြီးဌာနအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ပါတယ်။ ကရင်ပြည်နယ်အစိုးရအနေနဲ့ စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းပေးခဲ့တဲ့ မြေနေရာအား ဘားအံစက်မှုဇုန် တည်ထောင်ရန်အတွက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ်တို့မှ နာယကများအဖြစ်ဆောင်ရွက်ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဖွဲ့ဝင် ၃၄ ဦးပါ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် စက်မှုဇုန်ဖော်ထုတ်ခြင်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

အဆိုပါစက်မှုဇုန်မြေနေရာအား စက်မှုဇုန်အကွက်များဖော်ထုတ်ခြင်း၊ လမ်းများဖောက်လုပ်ခြင်း၊ လျှပ်စစ်မီးတိုင်များစိုက်ထူ၍ မီးကြိုးများသွယ်တန်းခြင်းတို့ကို ဆောင်ရွက်စဉ် မြေဧက ၆၅.၅၂ ဧကတွင် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါသည်ဆိုသော လူပုဂ္ဂိုလ် ၁၈ ဦးမှ ကန့်ကွက်တင်ပြမှုများ ပြုလုပ်လာသဖြင့် ပြည်နယ်အစိုးရအဖွဲ့မှ သက်ဆိုင်ရာဌာနများဖြင့် စုံစမ်းစိစစ်မှုများ ပြုလုပ်ခဲ့ရာ ကန့်ကွက်တင်ပြသူများသည် ပြည်သူ့လုပ်အား နေရာချထားရေးအဖွဲ့ လုပ်ကိုင်ခြင်းမပြုမီ၊ ၁၉၈၅ ခုမတိုင်မီအချိန်က လုပ်ကိုင်ခဲ့ဖူးသောတောင်သူများ၏ ဆွေမျိုးသားချင်းတော်စပ် ပတ်သက်ကြသူများပါရှိသကဲ့သို့ ပတ်သက်ဆက်စပ်ခြင်း၊ ဆွေမျိုးတော်စပ်ခြင်းမရှိသူများလည်းပါဝင်ကြပြီး၊ ၂၀၀၄ ခုနှစ်တွင် ကရင်ပြည်နယ်ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါးစိုက်ဧက တိုးတက်ရေးဆောင်ရွက်မှု အစီအမံအရ ၎င်းတို့အနေဖြင့် အဆိုပါလယ်မြေ ၆၅.၅၂ ဧကတွင် လုပ်ကိုင်လိုကြောင်း တင်ပြမှုအပေါ် ဒေသအုပ်ချုပ်ရေးအဖွဲ့များက စက်မှုဝန်ကြီးဌာန၊ ရော်ဘာခြံနှင့် သီဟိုဠ်ခြံတို့မှ တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ လုပ်ကိုင်ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ သို့သော် ၎င်းတို့သည် နှစ်စဉ်နှစ်တိုင်း အပြည့်အဝ စိုက်ပျိုးလုပ်ကိုင်ရခြင်းမဟုတ်ဘဲ ရာသီဥတုအခြေအနေပေးမှုအပေါ် မူတည်၍သာ စိုက်ပျိုးခဲ့ကြသူများဖြစ်ကြောင်းသိရှိရပါတယ်။

စက်မှုဇုန်တည်ဆောက်ခြင်းကို ကန့်ကွက်တင်ပြကြသည့် လယ်မြေ ၆၅.၅၂ ဧကတွင် လုပ်ကိုင်ခဲ့သူများအား ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သောအဖွဲ့က ကျေးရွာအရောက်သွားရောက်တွေ့ဆုံ၍ စက်မှုဇုန်တည်ဆောက်ရခြင်းရည်ရွယ်ချက်၊ စက်မှုဇုန်ဖြစ်ပေါ်လာပါကရရှိနိုင်သည့် အကျိုးရလဒ်များနှင့် ၎င်းလယ်မြေတွင် လုပ်ကိုင်ခဲ့သူများအတွက် နစ်နာမှုမရှိစေရန်ဆောင်ရွက်ထားသည့် အစီအမံများကိုသိရှိနားလည်သဘောပေါက်အောင် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။ သို့သော် အဆိုပါပုဂ္ဂိုလ်များသည် လက်ခံလိုက်နာမှုမရှိဘဲ လယ်မြေများအတွင်းဝင်ရောက်စိုက်ပျိုးမှုများ ပြုလုပ်ခဲ့သဖြင့် စက်မှုဇုန်လမ်းဖောက်လုပ်ခြင်း၊ မီးတိုင်၊ မီးကြိုးများစိုက်ထူသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ရန်မြေနေရာအဖြစ်ဖော်ထုတ်နိုင်မှုမရှိဘဲ မူလအတိုင်း လယ်မြေအဖြစ်တည်ရှိပြီး၊ ယခုနှစ် မိုးရာသီ မိုးစပါးရာသီအထိ၎င်းတို့မှ စပါးစိုက်ပျိုးလျက်ရှိနေပါတယ်။

အဆိုပါလယ်မြေ ၆၅.၅၂ ဧကကို လုပ်ကိုင်ကြသူများ၏ ဆန့်ကျင်ကန့်ကွက်မှုကြောင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ၏ မြေယာဥပဒေနှင့်အညီ စက်မှုဇုန်မြေအဖြစ် ပြောင်းလဲဖော်ဆောင်ရေးလုပ်ငန်းမှာ ပြီးပြတ်မှုမရှိဘဲ နှောင့်နှေးတုံ့ဆိုင်းလျက်ရှိနေစဉ်မှာပင် လယ်ယာမြေတွင်စိုက်ပျိုး လုပ်ကိုင်သူအချို့သည် ၎င်းလယ်ကွက်များတွင် ခြံစည်းရိုးကာရံခြင်း၊ အခိုင်အမာနေအိမ်များဆောက်လုပ်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်လာခြင်းကို တွေ့ရှိရပါတယ်။

၎င်းလယ်မြေလုပ်ကိုင်သူများအနေဖြင့် ထိုသို့ဆောင်ရွက်လာခြင်းသည် စိုက်ပျိုးလုပ်ကိုင်လို၍ စက်မှုဇုန်တည်ဆောက်မှုကို ကန့်ကွက်ခြင်းမဟုတ်ဘဲ စက်မှုဇုန်တည်ဆောက်ခြင်းကြောင့် မြေတန်ဖိုးမြင့်တက်လာမည့်အကျိုးကို မျှော်ကိုး၍ကန့်ကွက်တင်ပြခြင်းဖြစ်ကြောင်း ထင်ရှားပေါ်လွင်သဖြင့်တည်ဆဲလယ်မြေဥပဒေအရ၊ နေအိမ်၊ အိမ်ရာအဆောက်အအုံများအား ဖျက်သိမ်းဖယ်ရှားပေးရန်သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါတယ်။

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအနေနဲ့ စက်မှုဝန်ကြီးဌာနမှလွှဲပြောင်းပေးခဲ့သည့် ရော်ဘာနှင့် သီဟိုဠ်ခြံမြေ ၉၆၉ ဧကအပါအဝင် မြေရိုင်း ၉၄၀.၂၃ ဧက နှင့် လယ်မြေ ၆၅.၅၂ ဧကအား စက်မှုဇုန်တည်ထောင်ခြင်းကြောင့် လယ်ယာများ၌ စိုက်ပျိုးလုပ်ကိုင်ခဲ့သူများ နစ်နာမှုမရှိစေရေးအတွက်လည်းကောင်း၊ ပေါ်ပေါက်လာမည့် စက်မှုဇုန်များအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများသို့ အခြားသောဒေသမှ လာရောက်လုပ်ကိုင်ကြသူများ၏ နေရေးအခက်အခဲကို ဖြေရှင်း

ပေးနိုင်ရန်အတွက်လည်ကောင်း၊ မြေနေရာများချထားပေးနိုင်ရန် စက်မှုဇုန်နှင့် အနီးတဝိုက် ဆက်စပ်ဧရိယာတွင် စက်မှုဇုန်လုပ်သားကျေးရွာ ထူထောင်မည့်မြေနေရာကို မူလကတည်းက ထည့်သွင်းလျာထားစီမံထားရှိပြီး ဖြစ်သည့်အပြင် လယ်ယာမြေလုပ်ကိုင်မှု စွန့်လွှတ်ရသူများအနေဖြင့် စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ကိုင်လိုပါက သင့်တော်သော အလုပ်အကိုင်ရရှိရေး ပေါင်းစပ်ညှိနှိုင်းသည်အထိ ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန် စီမံထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ မေးထားတဲ့မေးခွန်းထဲမှာတော့ ဤလယ်သမားများအတွက် အခွင့်အရေးနစ်နာကြေးအနေနဲ့ တစ်စုံတစ်ရာရရှိရန်ရှိ/မရှိဆိုတာပါပါတယ်ရှင့်။ အဲ့ဒီမေးခွန်းရဲ့အဖြေလေးကို ကျွန်မသိချင်ပါတယ်ရှင့်။

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လက်ရှိမြေကတော့ ဒီလယ်ယာမြေတွေဟာ နဂိုတည်းကိုက အခြေအနေအရ ယာယီပြန်လည်စိုက်ပျိုးဖို့ပေးခဲ့ပြီးတော့ အဆင့်ဆင့်လွှဲပြောင်းပြီးရယူလာခဲ့တဲ့ လယ်မြေတွေဖြစ်ပါတယ်။ ကျွန်တော်တို့ စက်မှုဝန်ကြီးဌာနအနေနဲ့ကလည်း ကရင်ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လယ်ယာ စိုက်ပျိုးတဲ့သူတွေအတွက် အလုပ်အကိုင်ရရှိရေး၊ နေအိမ်ရရှိရေးကို စောစောက ကျွန်တော်တင်ပြသလို စက်မှုဇုန်အလုပ်အကိုင်တွေထဲမှ အလုပ်အကိုင်ရရှိရေးနဲ့ အိမ်နေရာရရှိရေးတို့ကိုရော ကရင်ပြည်နယ် အစိုးရအဖွဲ့ရုံးနဲ့ညှိနှိုင်းပြီးတော့ ပေးထားပါတယ်။ မြေလျော်ကြေးအနေနဲ့တော့ ကျွန်တော်တို့ သိသမျှတော့ စီမံဆောင်ရွက်ထားတာမရှိပါဘူး။

**မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်များအတွက် စက်မှုဘဏ်မှ ချေးငွေများရရှိရေးနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကိုကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကိုကြီး(အောင်မြေသာစံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်များအတွက် စက်မှုဘဏ်မှ သက်သာသောအတိုးနှုန်းနှင့် ချေးငွေရရှိရေးအတွက် မေးမြန်းခြင်းဖြစ်ပါတယ်။ ယခု နိုင်ငံတော်သမ္မတကြီးမှ မြန်မာနိုင်ငံတော်တွင် တစ်သိန်းနှစ်သောင်းကျော်သော အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်ရန် အတွက် စက်မှုဝန်ကြီးဌာနဘဏ်မှ သက်သာတဲ့အတိုးနှုန်းတွေနဲ့ ချေးငွေများထုတ်ပေးနေသည်ကို ကြားသိရပါတယ်။ အဲ့ဒီတော့ လုပ်ငန်းရှင်များအနေနဲ့လည်း ဝမ်းသာကြပါတယ်။ သို့သော်လည်းပဲ မန္တလေးတိုင်းအတွင်းမှာရှိတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များမှ ၎င်းချေးငွေများကို ခံစားခွင့် မရကြသေးဘူးလို့သိရပါတယ်။ နိုင်ငံသားလုပ်ငန်းရှင်များချင်းအတူတူ မျှတသောအခွင့်အရေးကို မရရှိကြသေးလို့ ခံစားနေကြရပါတယ်။ ဒါကြောင့် မည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အသေးစား၊ အလတ်စားလုပ်ငန်းရှင်များ အထက်ပါချေးငွေများကို ခံစားနေရပါသနည်း၊ မည်မျှသော ငွေကို ကျွန်တော်တို့ ချေးပေးထားပါသနည်း၊ အတိုးနှုန်းမည်မျှပေးရပါသနည်း၊ စသဖြင့် မေးမြန်းလို ခြင်းဖြစ်ပါတယ်။ ထို့အပြင် မန္တလေးတိုင်းဒေသကြီးမှ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းရှင်ကြီး များအတွက် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များနှင့် တန်းတူညီမျှတဲ့ ချေးငွေရယူဖို့အတွက် မည်သို့ဆောင်ရွက်ပေးနိုင်သည်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ ဖြေကြားပေးပါရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကလည်း ၎င်းတို့တိုင်းဒေသကြီးအတွင်းမှာ အထက်ပါကဲ့သို့ ခံစားနေရကြောင်းလည်း ပြောပါတယ် ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမျိုးအောင်(ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များခင်ဗျား။ ကျွန်တော် ကတော့ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြစ်ပြီးတော့ အခုအစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကိုကြီး၏ မန္တလေးတိုင်းဒေသကြီး အတွင်း အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းရှင်များအတွက် စက်မှုဘဏ်မှချေးငွေရရှိရေးနှင့် စပ်လျဉ်းတဲ့မေးခွန်းကို စက်မှုဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ

မှာရှိတဲ့ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေထုတ်ပေးခြင်းလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်မှ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အား လယ်ယာအမတော်ကြေးကဲ့သို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ငွေကျပ် ၅ ဘီလီယံ၊ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ငွေကျပ် ၅ ဘီလီယံ၊ စုစုပေါင်းငွေကျပ် ၁၀ ဘီလီယံကိုထုတ်ချေးပေးခဲ့ပါတယ်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်ဟာ ၎င်းငွေကျပ် ၁၀ ဘီလီယံအား ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အတူ အတိုးနှုန်း ၈.၅ ရာခိုင်နှုန်းဖြင့် အချိန်ကာလ သုံးနှစ်အထိ စီးပွားရေးဖွံ့ဖြိုးရန် အလားအလာကောင်းမွန်သော တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ အသေးစားနှင့်အလတ်စား လုပ်ငန်းရှင် ၆၂ ဦးကို အောက်ဖော်ပြပါအတိုင်း ထုတ်ချေးပေးခဲ့ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး ငွေချေးထားသည့်လုပ်ငန်းရှင်ဦးရေ ၃၀ ဦး၊ မန္တလေးတိုင်းဒေသကြီး ငွေချေးထားသည့်လုပ်ငန်းရှင်ဦးရေ ၁၄ ဦး၊ နေပြည်တော်ကောင်စီ ၁ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ၂ ဦး၊ မကွေးတိုင်းဒေသကြီး ၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီး ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး ၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီး ၁ ဦး၊ ရခိုင်ပြည်နယ် ၁ ဦး၊ စုစုပေါင်း ၆၂ ဖြစ်ပါတယ်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေနဲ့ လုပ်ငန်းရှင်များထံ အောက်ပါအဆင့်များအတိုင်း ချေးငွေထုတ်ချေးပေးလျက်ရှိပါတယ်။ လုပ်ငန်းရှင်မှ မိမိလုပ်ငန်းအတွက် ငွေချေးယူလိုကြောင်း စက်မှုလုပ်ငန်းလိုင်စင်များနှင့်တကွ အသေးစားနှင့်အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနသို့ တင်ပြလျှောက်ထားရပါမည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနက ချေးငွေလျှောက်ထားလာသော လုပ်ငန်းအနေနဲ့ အမှန်တကယ်လည်ပတ်နေခြင်းရှိ/မရှိနှင့် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကို စက်မှုလုပ်ငန်းမှတ်ပုံတင်ထားခြင်းရှိ/မရှိတို့ကို သွားရောက်ကွင်းဆင်းစစ်ဆေးထားသည့် ထောက်ခံချက်ဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်သို့ပေးပို့ပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန၏ ထောက်ခံချက်ဖြင့်ပေးပို့လာသောအထောက်အထားများကို အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း ဖွံ့ဖြိုးရေးဘဏ်မှစစ်ဆေးပြီး မှန်ကန်ပြည့်စုံပါက ချေးငွေလျှောက်လွှာတွင်ဖြည့်စွက်စေ၍ ချေးငွေလျှောက်ထားစေပါတယ်။ ချေးငွေလျှောက်လွှာနှင့်အတူ စက်မှုလုပ်ငန်းလိုင်စင်မိတ္တူ၊ လုပ်ငန်းဝင်ငွေ၊ ထွက်ငွေ၊ အရှုံးအမြတ်စာရင်း၊ ပေးဆောင်ပြီးသောအခွန်ပြေစာမိတ္တူ၊ အာမခံပေးမည့် မြေနှင့်အဆောက်အဦ၊ ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံမိတ္တူ၊ အာမခံပေးအပ်သည့်အဆောက်အဦနှင့် လုပ်ငန်းပြ ရှေ့၊ နောက်၊

ဝဲ၊ ယာ ဓာတ်ပုံများ၊ ချေးငွေလျှောက်ထားသူ၏ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းမိတ္တူများကို ပူးတွဲပါရှိရပါမယ်။

အာမခံပေးသည့် မြေနှင့်အဆောက်အဦအား ဘဏ်ရာဖြတ်မှ ကွင်းဆင်းစစ်ဆေးပြီး မြေနှင့်အဆောက်အဦတန်ဖိုးကို အတင်းအကြပ်ရောင်းဈေး (Force Sale Value) တန်ဖိုးသတ်မှတ်ပြီးပါက (Force Sale Value) သတ်မှတ်ပေးပြီး ငွေကျပ်သိန်း ၂၀၀၀ အောက် ချေးငွေအမှုတွဲများကို ဘဏ်၏ချေးငွေကော်မတီ Credit Committee မှ တစ်ပတ်လျှင်တစ်ကြိမ်နှင့် ငွေကျပ်သိန်း ၂၀၀၀ အထက် ချေးငွေအမှုတွဲများကို Board of Director အဖွဲ့မှ တစ်လလျှင်တစ်ကြိမ်စိစစ်ဆုံးဖြတ်၍ ထုတ်ချေးပေးလျက်ရှိပါတယ်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေပမာဏကို အများဆုံးကျပ်သိန်း ၅၀၀၀ အထိ ထုတ်ချေးပေး၍ ချေးငွေသက်တမ်းကာလမှာ သုံးနှစ်ဖြစ်ပါတယ်။ ချေးငွေအမှုတွဲများကို အာမခံခိုင်မာမှုနှင့် လုပ်ငန်းကောင်းမွန်မှုအပေါ် ဒါရိုက်တာအဖွဲ့က အဓိက ဆွေးနွေးသုံးသပ်၍ အတင်းအကြပ် ရောင်းဈေးတန်ဖိုး (Force Sale Value) ၏ အနည်းဆုံး ၃၀ ရာခိုင်နှုန်းမှ အများဆုံး ၅၀ ရာခိုင်နှုန်းအထိ ထုတ်ချေးနိုင်ရေးဆွေးနွေးဆုံးဖြတ်ပြီး ချေးငွေများကို လုပ်ငန်းရှင်ထံအမြန်ထုတ်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်အနေနဲ့ချေးငွေများထုတ်ချေးရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ချေးငွေထုတ်ချေးပေးသည့်ဦးရေ ကန့်သတ်ထားခြင်းမရှိဘဲ၊ ချေးငွေထုတ်ချေးပေးနိုင်ရေးသတ်မှတ်ချက်များနှင့် ကိုက်ညီသော လုပ်ငန်းရှင်များအား နိုင်ငံတော်မှ ထုတ်ချေးသည့် လယ်ယာအမတော်ကြေးကဲ့သို့ ငွေကျပ် ၁၀ ဘီလီယံကိုသာမက ဘဏ်၏အစုရှယ်ယာငွေများကိုလည်း ဘဏ်လုပ်ထုံးလုပ်နည်းနဲ့အတူ ထုတ်ချေးပေးလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသမီးများကို အထူးအခွင့်အရေးပေးစနစ်ကျင့်သုံး၍ နှစ်ရှည်လရှိ ရပ်တည်နိုင်ရန်အတွက် အမျိုးသမီးဝန်ကြီးဌာနတစ်ခု ထားပေးသင့်ကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်ဇာတလဲမ်း၊ ထန်တလန်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဇာတလဲမ်း(ထန်တလန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများရှင့်။ ကျွန်မကတော့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ဖြစ်ပါတယ်။ ကျွန်မက လူမှုဖွံ့ဖြိုးရေးကော်မတီဝင်လည်းဖြစ်ပါတယ်။ ကျွန်မတို့ကော်မတီနှင့် သက်ဆိုင်သောကြောင့် အမျိုးသမီးများကိုယ်စား ဤမေးခွန်းကို မေးမြန်းရခြင်း

**မူကြမ်း**

ဖြစ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံတိုင်းရင်းသားအမျိုးသမီးများသည် ယဉ်ကျေးမှုကိုးကွယ်ရေးဘာသာက နှစ်ပေါင်းများစွာလွှမ်းခြုံပြီး လူ့အခွင့်အရေးအပြည့်အဝမရတဲ့ မြန်မာတိုင်းရင်းသားအမျိုးသမီးများဖြစ်ကြောင်း အားလုံးအသိဖြစ်ပါတယ်ရှင်။ သို့ဖြစ်၍ ဒီမိုကရေစီခေတ်ပြောင်းလဲသောအချိန်မှာ အမျိုးသမီးများအခွင့်အရေးကို အထူးစဉ်းစားပေးစေလိုပါတယ်။ နိုင်ငံတကာကိုလည်း လေ့လာကြည့်တဲ့အခါမှာ အနောက်နိုင်ငံများ၊ အရှေ့တောင်အာဆီယံနိုင်ငံများမှာ အမျိုးသမီးဝန်ကြီးဌာန သီးသန့်ထားပေးကြသည်ကို သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတကာမှာ အမျိုးသမီးကိုဦးစားပေး Lady First စနစ်ကိုကျင့်သုံးလို့ သူတို့နိုင်ငံတိုးတက်ပြီး စိတ်ထားကောင်း၊ စေတနာမှန်ကို မွေးထားကြောင်း သိရှိရပါတယ်။ ကျွန်မတို့နိုင်ငံမှာလည်း Lady First စနစ်ကိုကျင့်သုံးစေချင်ပါတယ်။ အမျိုးသမီးများကို အထူးဦးစားပေးစနစ်ကျင့်သုံးမယ်ဆိုရင် တိုင်းပြည်အေးချမ်းသာယာပြီး ပိုတိုးတက်မယ်လို့ ယုံကြည်ပါတယ်။ အခု အမျိုးသမီးနေရာတိုင်းမှာ တိုးတက်ဖွံ့ဖြိုးလာချင်ကြပြီး ကျေးရွာများ၊ မြို့များ၊ ပြည်နယ်၊ တိုင်းများတွင် အဖွဲ့များဖွဲ့ကာ လူမှုရေး လုပ်ငန်းများလုပ်ရှားနေကြပါတယ်။ သူတို့လုပ်ရှားမှုသည် ဘယ်မှာရပ်တည်မည်ဆိုပြီး ရပ်တည်ချက်မရှိ၊ ဦးခေါင်းမရှိသလို ဖြစ်ကြသည်ကိုလည်းတွေ့ရပါတယ်။ ယခုအစိုးရသစ်လက်ထက်မှာ အမျိုးသမီးများဦးစားပေးလုပ်ပေးနေသော်လည်း ပြည့်စုံလုံလောက်မှုမရှိသေးပါ။ သို့ဖြစ်ပါ၍ ၂၀၁၄-၂၀၁၅ ခုနှစ်ပြည်ထောင်စုဘတ်ဂျက်ရေးဆွဲသည့်အခါ အမျိုးသမီးများ ဘတ်ဂျက်ခွဲဝေပေးပြီး နှစ်စဉ်၊ လစဉ်ရပ်တည်နိုင်အောင် အမျိုးသမီးဝန်ကြီးဌာနကိုထားပေးရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းလိုပါတယ်။ မရှိရင်လည်း ရှိအောင်လုပ်ပေးစေချင်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)။** ။ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ထန်တလန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇာတလဲမ်းရဲ့မေးခွန်းကို ဖြေကြားခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း ပဏာမပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ

ခင်ဗျား။ မြန်မာ့အသိုင်းအဝိုင်းမှာ ထုံးတမ်းစဉ်လာယဉ်ကျေးမှုအရ အမျိုးသမီးများအား ခွဲခြားဆက်ဆံမှုမရှိသလောက်ဖြစ်ပြီး အခြားအာရှနိုင်ငံများနှင့် နှိုင်းယှဉ်ပါက သာလွန်ကောင်းမွန်နေကြောင်း တွေ့ရမှာဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းယဉ်ကျေးမှုအရ မြန်မာအမျိုးသမီးများအခွင့်အရေးစံချိန်မီရရှိပြီး အခြားဘာသာနိုင်ငံများတွင် မရသည့်အခွင့်အရေးများရထားသည်ကို တွေ့ရမှာဖြစ်ပါတယ်။ အိမ်နီးခြင်းနိုင်ငံများထက် ပိုမိုလွတ်လပ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်ခြင်းနှင့် အခြားကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခဲ့သော မြန်မာအမျိုးသမီးများကို ခေတ်အဆက်ဆက်တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားပြည်တွင်းဥပဒေများမှာ ကျား၊ မ ခွဲခြားခြင်းမရှိဘဲ တန်းတူညီတူနေရာပေးဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများအတွက် အခွင့်အရေးအားဖြင့် အခန်း (၁) ပုဒ်မ ၃၂ အပိုဒ်ခွဲ(က)မှာ နိုင်ငံတော်သည် မိခင်နှင့် ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်ဟုလည်းကောင်း၊ အခန်း(၈) ပုဒ်မ ၃၅၀ မှာလည်း အမျိုးသမီးများသည် တူညီသောအလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသော အခွင့်အရေးနှင့် လစာကိုခံစားခွင့်ရရှိသည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၁ မှာ ပြဋ္ဌာန်းချက်မှာလည်းပဲ မိခင်များ၊ ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် ဥပဒေအရ သတ်မှတ်ထားတဲ့ သက်ဆိုင်ရာအခွင့်အရေးများကို အညီအမျှခံစားခွင့်ရှိစေရမည်ဟုလည်းကောင်း၊ ထို့ပြင် ပုဒ်မ ၃၅၂ မှာလည်း နိုင်ငံတော်သည် အလုပ်အကိုင်ခန့်ထားရာတွင်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းရွေးချယ်ပေးရာတွင်ဖြစ်စေ၊ သတ်မှတ်သောအရည်အချင်းနှင့်ပြည့်စုံပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာသာသနာ၊ အမျိုးသား၊ အမျိုးသမီးကို အကြောင်းပြုလျက် ရာထူးရွေးချယ်ခန့်ထားခြင်းကို ခွဲခြားမှုမပြုရ။ သို့ရာတွင်အမျိုးသားများနှင့်သာ လျော်ကန်သင့်မြတ်သည့် ရာထူးတာဝန်အတွက် အမျိုးသားများအားရွေးချယ်ခန့်ထားခြင်းကို ဤဥပဒေအရ အဟန့်အတားမဖြစ်စေရဟု ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပါ ပြဋ္ဌာန်းချက်များဟာ မြန်မာအမျိုးသမီးများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးထားတဲ့ အခွင့်အရေးများဖြစ်ပြီး ယခုအခါမှာ လူမှုဝန်ထမ်းဦးစီးဌာနဟာ Gender Equality Network နှင့် ပူပေါင်းပြီးတော့ အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖေဖော်ဝါရီလအတွင်းမှာ တစ်ကြိမ်၊

သက်ဆိုင်ရာဝန်ကြီးဌာနများ ကိုယ်စားလှယ်များနှင့် မတ်လအတွင်းမှာတစ်ကြိမ် စုစုပေါင်း ညှိနှိုင်း အလုပ်ရုံဆွေးနွေးပွဲနှစ်ကြိမ် ကျင်းပပြုလုပ်ခဲ့ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲရလဒ်အဖြစ် ဥပဒေရေးဆွဲ ရေးလမ်းပြမြေပုံချမှတ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ပြဋ္ဌာန်းထားသည့် ဥပဒေပါအခွင့်အရေးများကို အမျိုးသမီး များလက်တွေ့ခံစားနိုင်ရန် အစိုးရ၊ အရပ်ဘက်၊ လူ့အဖွဲ့အစည်းနှင့် အမျိုးသမီးထုကြီးကိုယ်တိုင်က တာဝန်ရှိပါတယ်။ မြန်မာနိုင်ငံရှိ စုစုပေါင်းလူဦးရေ၏ ၅၀ ရာခိုင်နှုန်းဝန်းကျင်ဟာ အမျိုးသမီးများ ဖြစ်ပြီး စုစုပေါင်းလူဦးရေရဲ့ လေးပုံတစ်ပုံဟာ မျိုးဆက်ပွားနိုင်တဲ့ အသက်အရွယ်အပိုင်းအခြားမှာ ရှိနေတဲ့ အမျိုးသမီးများဖြစ်၍ လူဦးရေဖွဲ့စည်းမှု demographic အရ မြန်မာ့လူ့အဖွဲ့အစည်းမှာ အမျိုးသမီးများဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ကြောင်း ထင်ရှားနေပါတယ်။

နိုင်ငံ့ဝန်ထမ်းအဖြစ် အစိုးရဌာနအသီးသီးမှာ အမျိုးသမီးများ လက်ရှိတာဝန်ထမ်းဆောင်မှု အခြေအနေကို ထုတ်နှုတ်တင်ပြရရင် ပြန်ကြားရေးဝန်ကြီးဌာနမှာ အမျိုးသမီးဝန်ထမ်း ၅၀.၄ ရာခိုင် နှုန်း၊ စက်မှုဝန်ကြီးဌာနမှာ အမျိုးသမီးဝန်ထမ်း ၅၉.၇ ရာခိုင်နှုန်း၊ အလုပ်သမားဝန်ကြီးဌာနမှာ အမျိုး သမီးဝန်ထမ်း ၆၇.၄ ရာခိုင်နှုန်း၊ ကျန်းမာရေးဝန်ကြီးဌာနမှာ ဘွဲ့၊ ဒီပလိုမာရထားတဲ့ အမျိုးသမီး ဝန်ထမ်း ၈၂.၇ ရာခိုင်နှုန်း၊ ပညာရေးဝန်ကြီးဌာနမှာ ဆရာမ ၈၃.၉၂ ရာခိုင်နှုန်းအထိ တွေ့ရှိရပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးနှင့် နယ်တရားစီရင်ရေးဌာနများမှာ တာဝန်ထမ်းဆောင်နေတဲ့ အမျိုးသမီး ၄၅.၇ ရာခိုင်နှုန်း၊ ရှေ့နေချုပ်ရုံးမှာ တာဝန်ထမ်းဆောင်နေတဲ့အမျိုးသမီး ၄၈.၅ ရာခိုင်နှုန်း ရှိကြောင်း တွေ့ရှိရပါတယ်။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ရပ်လုံးမှာ အမျိုးသမီးများ ပါဝင်မှုအချိုး အစားအနေဖြင့် ၂၀၀၈-၂၀၀၉ အမျိုးသမီးများ၏ ပါဝင်မှုရာခိုင်နှုန်း ၅၁.၄၂ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၀၉- ၂၀၁၀ ဘဏ္ဍာရေးနှစ်မှာ ၅၁.၆၅ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်မှာ ၅၂.၃၉ ရာခိုင် နှုန်းထိ မြင့်တက်လာကြောင်း တွေ့ရပါတယ်။ အစိုးရဌာန၊ အဖွဲ့အစည်းများအတွင်း ဒုတိယညွှန်ကြား ရေးမှူးနှင့်အထက် အရာရှိကြီးများအဆင့်တွင် အမျိုးသမီးပါဝင်မှုအချိုးအစားမှာ ၂၀၀၈-၂၀၀၉ မှာ ၃၂.၅၂ ရာခိုင်နှုန်း၊ ၂၀၀၉-၂၀၁၀ မှာ ၃၆.၀၃ ရာခိုင်နှုန်းနှင့် ၂၀၁၀-၂၀၁၁ မှဥ ၃၆.၃၁ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ပါဝင်မှုအချိုးအစားရာခိုင်နှုန်းများအရ မြန်မာအမျိုးသမီးများ၏ ပါဝင်ဆောင်ရွက်မှု တိုးတက်လာကြောင်း တွေ့ရှိရပါတယ်။

နိုင်ငံတော်၏ ကြီးလေးတဲ့တာဝန်ပိုင်းမှာ မြန်မာအမျိုးသမီးများရဲ့ ပါဝင်မှုအချိုးအစားအနေဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှာ ပြည်ထောင်စုဝန်ကြီး နှစ်ဦးနှင့် ဒုတိယဝန်ကြီးအဆင့် ခုနစ်ဦး ပါဝင် ထမ်းဆောင်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်

လွှတ်တော်များမှာလည်း အမျိုးသမီး ၅၃ ယောက် ရွေးချယ်ခံရပါတယ်။ ပြည်သူ့လွှတ်တော်မှာ အမျိုးသမီး ၂၅ ဦး၊ အမျိုးသားလွှတ်တော်မှာ ၄ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မှာ ၂၄ ဦး ပါဝင်တက်ရောက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအနေနဲ့ နိုင်ငံတကာ အမျိုးသမီးအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်များကို ရှေ့တန်းမှ ပါဝင်လက်မှတ်ရေးထိုးခဲ့ပါတယ်။ ၁၉၅၄ ခု ကုလသမဂ္ဂအမျိုးသမီးများ နိုင်ငံရေးအခွင့်အရေး သဘောတူစာချုပ်အပါအဝင် နိုင်ငံတကာစာချုပ်များကို လေးစားလိုက်နာခဲ့ပါတယ်။ မြန်မာနိုင်ငံအမျိုးသမီးများအား နည်းမျိုးစုံနဲ့ ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှ သဘောတူ လက်မှတ်ရေးထိုးခဲ့ပါတယ်။ သဘောတူစာချုပ်ပါ အမျိုးသမီအခွင့်အရေးများကို နိုင်ငံတော်အနေဖြင့် လုပ်ဆောင်ပေးနိုင်သမျှ အကောင်းဆုံးဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၃-၂၀၂၂ (၁၀)နှစ်တာကာလအတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်းကို ရေးဆွဲပြီး မိတ်ဆက်ဖြန့်ချိပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းစဉ်မှာ Beijing Platform for Action and UNCEDAW အပေါ် အခြေခံပြီး လုပ်ငန်းနယ်ပယ် ၁၂ ခု သတ်မှတ်ထည့်သွင်းထားပါတယ်။ လုပ်ငန်းအစီအစဉ်ရဲ့ အခြေခံရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။ မိတ်ဆက်ဖြန့်ချိပေးခဲ့တဲ့ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းမှာ အမျိုးသမီးနှင့် ဆုံးဖြတ်ချက်ချမှု၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး စသည့် လုပ်ငန်းဧရိယာ နှစ်ခုဖြင့် ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ ပါဝင်မှုတိုက်ရိုက်ပတ်သက်သော လုပ်ငန်းဧရိယာများ ပါဝင်ပါတယ်။

မြန်မာအမျိုးသမီးများအတွက် အဆိုပါဥပဒေများ၊ လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်းပဲ ယဉ်ကျေးမှုဓလေ့ထုံးစံအရ အမျိုးသမီးအများစုဟာ မိမိတို့ကိုယ်တိုင်ပြင်ပရေးရာကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ရေးနှင့် ဦးစီးဦးဆောင်ပြုရေးတို့အတွက် ဆန္ဒနည်းပါးကြ၍ လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ အမျိုးသမီးများ ကိုယ်တိုင်ကိုယ်ကျပါဝင်လာစေရန်အတွက် ၂၀၁၀ ခုနှစ်မှစပြီး အမျိုးသမီးအခွင့်အရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာဆောင်ရွက်လျက်ရှိရာ ရလဒ်ကောင်းများရရှိခဲ့ပါတယ်။ ထို့အပြင် အမျိုးသမီးများ စွမ်းပကားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး နိုင်ငံတကာအလှူရှင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများနှင့်

ပူးပေါင်းပြီး အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး၊ ကျား/မ တန်းတူညီမျှရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် လူမှုရေးအရ ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ညွှန်ကြားရေးမှူးများ ဦးဆောင်ပြီး ဌာနခွဲများနှင့် တိုင်းဒေသကြီး/ပြည်နယ်လူမှုဝန်ထမ်းရုံးများဖွင့်လှစ်ပြီး ကာကွယ်စောင့်ရှောက်မှု ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာန၏ဖွဲ့စည်းပုံမှာ ညွှန်ကြားရေးမှူးတစ်ဦးဦး ဦးဆောင်သည့်အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျား/မ တန်းတူညီမျှရေးဌာနခွဲတစ်ခု သီးခြားတိုးချဲ့ဖွင့်လှစ်ရန် တင်ပြဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးများ၏ အသက်ရှင်သန်ရေး၊ ကာကွယ်စောင့်ရှောက်ရေး ပါဝင်ဆောင်ရွက်ခွင့်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဦးစားပေးဆောင်ရွက်ရာမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ မြို့နယ်၊ ကျေးရွာအဆင့်ထိ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီး/အမျိုးသားတန်းတူညီမျှမှုရရှိရေးအတွက် အသိပညာပေးအစီအစဉ်များကိုလည်း တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိခြင်း၊ မိမိတို့ နိုင်ငံမှာ မိသားစုအတွင်းသော်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်းသော်လည်းကောင်း အမျိုးသား/ အမျိုးသမီး ခွဲခြားဆက်ဆံမှုမရှိခြင်း၊ မိခင်သဖွယ်၊ အစ်မသဖွယ်၊ နှမသားချင်းစာနာပြီး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ရင်းနှီးရိုင်းပင်းမှုများရှိခြင်း၊ ပညာရေးကဏ္ဍမှာလည်း အမျိုးသမီးများအနေဖြင့် ပညာသင်ကြားမှုအခွင့်အရေး အပြည့်အဝရရှိခြင်းစသည့် လူမှုဘဝလုံခြုံပြည့်ဝစွာရရှိခြင်းတို့ကြောင့် အရည်အချင်းသာရှိပါက ဝန်ကြီးဌာနတစ်ခုထက်သာမက အမျိုးသမီးဝန်ကြီးများ များစွာ ပေါ်ပေါက်လာမည်ဖြစ်တဲ့အပြင် သီးခြားအနေဖြင့်တော့ ကျွန်တော်တို့ အမျိုးသမီးကိုသာခန့်အပ်ရမည်ဟု ဥပဒေမှာ ပြဋ္ဌာန်းချက်မရှိတဲ့အတွက် အမျိုးသမီးရေးရာဝန်ကြီးဌာနတစ်ခု သတ်မှတ်ထားရှိပေးရန် မဖြစ်နိုင်သေးပါကြောင်း ရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား ဂုဏ်ထူးဆောင်ဘွဲ့(သို့) ချီးမြှင့်ခံစားခွင့်စသည့် အသိအမှတ်ပြုဆောင်ရွက်ပေးမှု တစ်ခုခုပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ညို၊ ပေါက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်

ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံ့တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ခဲ့တဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများနှင့် ပတ်သက်သည့် မေးခွန်းအားမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၅(က)တွင် နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များချီးမြှင့် အပ်နှင်းခြင်းပြုနိုင်သည်လို့ ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါတယ်။ ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး မှလည်း ဥပဒေနှင့်အညီ ရဟန်းရှင်၊ လူပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ် များ ချီးမြှင့်အပ်နှင်းပေးနေသည်ကို ဝမ်းမြောက်စွာတွေ့ရှိနေရပါတယ်။ ထို့အတူ မြန်မာနိုင်ငံတော်ကြီး ကို ယခုကဲ့သို့ ဒီမိုကရေစီစနစ်ထွန်းကား၍ အနာဂတ် နိုင်ငံတော်ကြီး ရေရှည်အကျိုးကောင်းမွန်စေ ရေးအတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်စေရန် မရှိမဖြစ်လိုအပ်သည့်အတွက် ၁၉၉၃ ခုနှစ်မှစ၍ နိုင်ငံရေး၊ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာစသည့် ရှုထောင့် မျိုးစုံမှ အတွေ့အကြုံကြွယ်ဝသည့် ပုဂ္ဂိုလ်များ၊ ပါတီခေါင်းဆောင်များအပါအဝင် နိုင်ငံတော်အတွင်း တည်ရှိသည့် မြို့နယ်အားလုံးမှ တိုင်းရင်းသားကိုယ်စားလှယ်များပါဝင်ပြီး အမျိုးသားညီလာခံကြီးကို အခက်အခဲများကြားမှ ကြိုးစားကျင်းပခဲ့ရာ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အောင်မြင် စွာပြီးဆုံးခဲ့ပြီး မိမိတို့ယခုအခါ ကတိသစ္စာပြု ကိုင်တွယ်သုံးစွဲနေရသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၂၀၀၈အဖြစ် ပေါ်ပေါက်လာခြင်းဖြစ်ပါတယ်။ အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေကြီးကို ပေါ်ပေါက်လာရေးအတွက် နှစ်ပေါင်းများစွာတစ်ဆက်တစ်စပ်တည်း ပါဝင် ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပါတီခေါင်းဆောင်များအပါအဝင်၊ အထူးအားဖြင့် မိမိတို့၏ ကိုယ်ပိုင်အချိန်၊ အကျိုးစီးပွားလုပ်ငန်းများကို စွန့်ပစ်ကာ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်း နှင့် ပါတီဝင်များမဟုတ်သော မြို့နယ်အသီးသီးတို့မှ တိုင်းရင်းသားကိုယ်စားလှယ်များဖြစ်သည့် အရပ် သားကိုယ်စားလှယ်များလည်း ပါဝင်ခဲ့ကြပါသည်။ ယခုအခါ အဆိုပါညီလာခံကိုယ်စားလှယ်ကြီးများမှ အသက်အရွယ်ကြီးရင့်အိုမင်းခြင်း၊ ကျန်းမာရေးမကောင်းဖြစ်၍ စီးပွားရေးချို့တဲ့ရသည့်အပြင် လူမှု ဘဝရပ်တည်ရန် ခက်ခဲသည့်ကိုယ်စားလှယ်အချို့လည်း ရှိနေသည်များကို လေ့လာတွေ့ရှိရပါတယ်။ ဒါကြောင့် ၎င်းတို့မကွယ်လွန်မီ ပြည်ထောင်စုအစိုးရမှ ယင်းတို့အပေါ် အသိအမှတ်ပြုသည့်ဆောင် ရွက်ပေးမှုမျိုးတစ်ခုခုတို့ လုပ်ပေးလိမ့်မည်ဟူသော မျှော်လင့်ချက်တို့ဖြင့် အသက်ဆက်လက်ရှင်သန် ရပ်တည်နေလျက်ရှိသည်ကိုလည်း တွေ့ရှိနေရပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုအစိုးရအနေဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအားလုံး သို့မဟုတ် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ

တစ်ဆပ်တစ်စပ်တည်း နိုင်ငံ့တာဝန်များကို ကျေပွန်စွာပါဝင်ဆောင်ရွက်၍ ယနေ့ထိ အသက်ရှက် လျက်ရှိနေသည့် အမျိုးသားညီလာခံကိုယ်စားလှယ်တော်ကြီးများအား ဂုဏ်ထူးဆောင်ဘွဲ့(သို့မဟုတ်) ချီးမြှင့်ခံစားခွင့်စသည့် အသိအမှတ်ပြုဆောင်ရွက်လေးမှုတစ်ခုခု ပြုလုပ်ပေးရန်အစီအစဉ်ရှိ/မရှိမရှိ ပါက အဘယ်ကြောင့်ဖြစ်သည်ကိုသိလို၍ ဖြေကြားပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်မှ ဆက်လက်ပြီးတော့ဖြေကြားသွားမှာဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ရဲ့မေးခွန်း ကိုဖြေကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပဏာမပြောကြားလိုပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံ မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အများဆန္ဒနှင့်အညီချမှတ်ပေးရန်၊ နိုင်ငံတော်ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင် ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ၎င်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ အမျိုးသားညီလာခံကို ၉-၁-၁၉၉၃ ရက်နေ့တွင် ကိုယ်စားလှယ်အမျိုး အစားရှစ်မျိုးခွဲခြားကာ ကိုယ်စားလှယ်ဦးရေ ၇၀၂ ဦးဖြင့် စတင်ကျင်းပခဲ့ပါတယ်။ ယင်းနောက် ကိုယ်စားလှယ်အချို့ကို ရုပ်သိမ်းပြီး ၁၉၉၆ ခုနှစ်မှာ ယာယီဆိုင်းငံ့ထားခဲ့ရာမှ ၁၇-၅-၂၀၀၄ ရက်နေ့မှာ ယခင်ကျင်းပစဉ်ကအတိုင်း ကိုယ်စားလှယ်အမျိုးအစား ရှစ်မျိုးပါဝင်တဲ့ ကိုယ်စားလှယ် ၁၀၈၈ ဦးနှင့် ဆက်လက်ကျင်းပခဲ့ပါတယ်။ ၅-၁၂-၂၀၀၅ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေး ကျင်းပ ချိန်မှာ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ ၁၀၈၀ ဦးအနက် ကိုယ်စားလှယ် ၁၀၇၄ ဦးတက် ရောက်ခဲ့ပါတယ်။ ၁၀-၁၀-၂၀၀၆ ရက်နေ့မှာ အမျိုးသားညီလာခံ အစည်းအဝေးကျင်းပချိန်မှာတက် ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၁၀၈၁ ဦးအနက် ကိုယ်စားလှယ် ၁၀၇၅ ဦး တက်ရောက်ခဲ့ပါတယ်။ ၁၈-၇-၂၀၀၇ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပချိန်မှာ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၁၀၇၁ ဦးအနက် ကိုယ်စားလှယ် ၁၀၅၈ ဦး တက်ရောက်ခဲ့ပါတယ်။ အမျိုးသား ညီလာခံအောင်မြင်စွာပြီးစီးခဲ့တဲ့ ၃-၉-၂၀၀၇ ရက်နေ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်

တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ၁၀၇၁ ဦးအနက် ကိုယ်စားလှယ် ၁၀၆၂ ဦး တက်ရောက်ခဲ့ပါတယ်။ ယခင်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းနှင့် ပတ်သက်၍ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၁၁-၇-၁၉၇၈ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ် ၃၂/၇၈ ဖြင့် ထုတ်ပြန်ကြေညာ ဆောင်ရွက်ခဲ့ပါတယ်။ ၁၇-၁၂-၂၀၀၉ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၀၉ ကို ထုတ်ပြန်ပြီးတော့ ခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရေးအတွက် ယခင်ပြဋ္ဌာန်းထားရှိခဲ့တဲ့ ဘွဲ့တံဆိပ်များအနက် အချို့အား ဆက်လက်အသုံးပြုခြင်း၊ အချို့အားပယ်ဖျက်ခြင်း၊ အချို့အား ပြန်လည်ပြဋ္ဌာန်းခြင်းနှင့် ဘွဲ့တံဆိပ်ပုံသဏ္ဌာန်များအား မူလအနှစ်သာရကို အခြေခံပြီးတော့ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်အား ထုတ်ပြန်ကြေညာခဲ့ပါတယ်။

ပြဋ္ဌာန်းချက်တွင် သင်္ဂဟ၊ ဘွဲ့၊ တံဆိပ်ဟူ၍ သုံးမျိုးခွဲခြားချီးမြှင့်ရန် သတ်မှတ်ထားပါတယ်။ သင်္ဂဟမှာ သုဓမ္မသင်္ဂဟဘွဲ့များ သုံးဆင့်နှင့် ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့များ ငါးဆင့် သတ်မှတ်ချီးမြှင့်ပါတယ်။ ဘွဲ့တံဆိပ်တွင် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များသုံးဆင့်နှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့များ ငါးဆင့်ချီးမြှင့်ခဲ့ပါတယ်။ တံဆိပ်မှာ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိနှင့်စွမ်းဆောင်နိုင်မှု၊ ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဟူ၍ ခွဲခြားသတ်မှတ်ချီးမြှင့်ခဲ့ပါတယ်။ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ရာမှာ ပြည့်စုံရမည့်အရည်အချင်းများကို စွမ်းဆောင်မှုအတိုင်းအတာအရ စနစ်တကျတစ်ပါတည်း သတ်မှတ်ပြဋ္ဌာန်းပြီး ပြဋ္ဌာန်းထားသည့်အတိုင်းသာ ယနေ့ထိချီးမြှင့်နေခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအား အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက်လုံးမှာ နိုင်ငံတော်မှ စားသောက်နေထိုင်စရိတ်များ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့်ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကိုအပြည့်အဝဆောင်ရွက်ပေးတဲ့အပြင် အချို့သော ဆေးနှင့်ပစ္စည်းများကို သက်သာသောဈေးနှုန်းများဖြင့် လိုသလောက်ရောင်းချပေးခဲ့ပါတယ်။ အမျိုးသားညီလာခံမှာ တစ်စိတ်တစ်ပိုင်း တက်ရောက်ပြီး ထွက်ခွာသွားသူများ၊ ကွယ်လွန်သွားသူများ၊ တက်ရောက်လေ့လာသူများဟူ၍ရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များဟာ နိုင်ငံတော်နှင့်နိုင်ငံသားများ၊ သားစဉ်မြေးဆက်အပါအဝင် မိမိတို့၏

လူမှုဘဝလုံခြုံရေးအတွက် တစ်မျိုးသားလုံးရဲ့တာဝန်တစ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျပါဝင် ဆွေးနွေး အကြံပြု ဆောင်ရွက်ပေးခွင့်ရရှိခဲ့သူများဖြစ်ပါတယ်။ မိမိတို့ကဲ့သို့ အရည်အချင်းရှိကြသော်လည်း အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်လိုသော ဆန္ဒရှိပါလျက် ပါဝင်တက်ရောက်ခွင့် မရှိကြသူ များဘက်မှ ပြန်ကြည့်ပါက အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် နိုင်ငံတော်မှ ရွေးချယ်တာဝန် ပေးအပ်ခံရခြင်းသည် အလိုအလျောက်ထိုက်တန်သောအခွင့်အရေး ဆုလာဘ်အဖြစ် ရရှိခဲ့ပြီးဖြစ်ပါ တယ်။ အမျိုးသားညီလာခံ ကျင်းပဆောင်ရွက်ခဲ့ခြင်းနှင့် ပါဝင်ဆောင်ရွက်တက်ရောက်ခဲ့ကြသူ ကိုယ်စားလှယ်ကြီးများကိုလည်း နိုင်ငံတော်မှအသိအမှတ်ပြု မှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါတယ်။ ၁၇-၁၂-၂၀၀၉ ရက်နေ့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပြန်ခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ဟာ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီးသည့်နောက်ပိုင်းမှသာ အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ အခြားသော ချီးမြှင့်မှုများကိုလည်း နိုင်ငံတော်ရဲ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှသာ စဉ်းစားဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါ၍ လောလောဆယ် အစီအစဉ်မရှိပါသေးကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။(သြဘာသံများ)

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ... **

**သယ်န်းကျွန်းမြို့နယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဖွဲ့စည်းခြင်းနှင့် အဆိုပါ ကော်မတီ၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီမေးခွန်းကို ရှင်းလင်းအောင် ကျွန်တော်တို့ ၂၆-၁၁-၂၀၁၂ ကပြဋ္ဌာန်းခဲ့တဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၆၂ ကို ကျွန်တော် ရှင်းလင်းပြ လိုပါတယ်။ ပုဒ်မ ၆၂ မှာ သက်ဆိုင်ရာမဲဆန္ဒနယ်မှာ ဒေသဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲတဲ့နေရာမှာ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍနှင့်ပတ်သက်ပြီး ပြည်သူ့ဆန္ဒသဘောထားကို ဖော်ဆောင်တဲ့ နေရာမှာ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းတွေ၊ အာဏာပိုင်ပုဂ္ဂိုလ်တွေက ပြည်သူကရွေးချယ် လိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေကို အလေးထားတိုင်ပင်အပ်သော ပုဂ္ဂိုလ်များဖြစ်သည်လို့ မှတ်ယူရမယ်လို့ပြဋ္ဌာန်းထားပါတယ်။ အဲဒီဥပဒေထုတ်ပြန်ပြီးတော့ နိုင်ငံတော်သမ္မတရုံးက အမိန့်

ကြော်ငြာစာအမှတ်(၂၇/၂၀၁၃) ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှာ ထုတ်တဲ့အမိန့်မှာလည်း အပိုဒ် ၁၀ မှာ ဘာရေးထားလဲဆိုတော့ ဒီမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အကောင်အထည်ဖော်တဲ့အခါမှာ၊ ညှိနှိုင်းဆွေးနွေးတဲ့အခါမှာ၊ အဓိပ္ပာယ်ကောက်တဲ့အခါမှာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများကို အလေးထားလိုက်နာဖို့ဆိုပြီးတော့ သမ္မတရုံးက ညွှန်ကြားခဲ့ပါတယ်။ သို့သော် ကျွန်တော်တို့ သယ်န်းကျွန်းမြို့နယ်မှာ ဒီလို သမ္မတကအမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်ထုတ်ပြန်ပြီးတဲ့ နောက်မှ ၁၉-၆-၂၀၁၃ မှာ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူအဖွဲ့ကို ဖွဲ့စည်းပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ လုံးဝတိုင်ပင်ဖို့မပြောနဲ့ သတင်းတောင် ကျွန်တော်တို့မရခဲ့ပါဘူး။ အဲဒါကြောင့် ဒါတွေဟာ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်တွေကို ချိုးဖောက်နေပြီ။ ဒါကြောင့် လွှတ်တော်ရုံးကို ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့မှာ ဒီကိစ္စနှင့်ပတ်သက်ပြီး မေးခွန်းမေးပါတယ်။ နောက် ၂၀-၉-၂၀၁၃ မှာလည်း ဒီမြို့နယ်အထောက်အကူဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးထားတဲ့ပုဂ္ဂိုလ်သည် မြို့နယ်မှာ အတိုင်အတောနဲ့ မေးခွန်းထုတ်တဲ့ ပုဂ္ဂိုလ်ဖြစ်နေတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်လေးယောက်စလုံးမှာ ကန့်ကွက်ကြောင်းစာပို့ခဲ့ပါတယ်။ အဲဒီလို ပို့ပြီးတော့မှ ၂၁-၉-၂၀၁၃ ရက်နေ့ နောက်တစ်ရက်မှာ အစည်းအဝေးဖိတ်ပါတယ်။ အဲဒီလိုဖိတ်တော့မှ မြို့နယ်ဖွံ့ဖြိုးရေးမှာ ဘယ်သူတွေပါတယ်ဆိုတာ အဲဒီအချိန်မှ သိရပါတယ်။ အဲဒါကြောင့် အချို့မေးခွန်းများက ၁၂-၉-၂၀၁၃ ရက်နေ့က မေးထားတဲ့မေးခွန်းဖြစ်တဲ့အတွက် အခုအချိန်နဲ့ မကိုက်ညီတဲ့အချက်လည်း ပါပါတယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်အခြေအနေနဲ့ ကိုက်ညီတဲ့မေးခွန်းပဲမေးပါမယ်။ နိုင်ငံတော်သမ္မတရုံးမှ ၂၆-၂-၂၀၁၃ ရက်စွဲဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအမှတ်(၂၇/၁၃) ဖြင့် မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရန်ညွှန်ကြားခဲ့ရာ သယ်န်းကျွန်းမြို့နယ်၌ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီကိုဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးညှိနှိုင်းခြင်းမရှိဘဲ ပြုလုပ်သွားသည်ကို ပြည်ထောင်စုအစိုးရကသိပါသလား။ နောက်အခုနဲ့ကိုက်ညီတဲ့ မေးခွန်းပဲမေးပါမယ်။ သမ္မတရုံး၏ညွှန်ကြားချက်ကိုဆန့်ကျင်ဆောင်ရွက်နေမှုအား အဘယ်ကြောင့်လျစ်လျူရှုထားပါသနည်း၊ မသိသေးပါက ယင်းညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေးအတွက် အကောင်အထည်ဖော်ပေးနိုင်ပါမည်လား၊ သိလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ မေးခွန်းကို ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွား ပါမယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကိုဖြေကြားခွင့်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်းပဏာမ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ဆီမေးတဲ့မေးခွန်းနဲ့ အခုတင်ပြတဲ့မေးခွန်းကလည်းပဲ သဘော တရားချင်းတူညီပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ပထမမေးခွန်းဖြစ်တဲ့ သင်္ဃန်းကျွန်းမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များ အားအသိပေးညှိနှိုင်းမှုမရှိဘဲ ပြုလုပ်သွားခဲ့သည်ကို ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် သိပါသလား ဆိုတဲ့မေးခွန်းနဲ့ပတ်သက်လို့မည်သူတစ်ဦးတစ်ယောက်ကမှအချိန်မီတင်ပြလာခြင်းမရှိ၍ ပြည်ထောင်စု အစိုးရအဖွဲ့အနေနဲ့ လုံးဝသိရှိခြင်းမရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့လည်း ဆက်လက်ပြုလုပ်နေတဲ့ အဆိုပါကော်မတီအစည်းအဝေးများသို့ အထက်ညွှန်ကြားချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်းမရှိသည်ကိုရော ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ သိရှိပါသလားဆိုတဲ့မေးခွန်းနဲ့ပတ်သက်၍လည်း မည်သူတစ်ဦး တစ်ယောက်ကမှ အချိန်မီတင်ပြလာခြင်းမရှိ၍ ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ လုံးဝမသိပါကြောင်း ဖြေကြားအပ်ပါတယ်။ အထက်ဖော်ပြပါမေးခွန်းနှစ်ရပ်နဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့ ဟာ သင်္ဃန်းကျွန်းမြို့နယ် တစ်မြို့နယ်တည်းရဲ့ကိစ္စရပ်များကိုသာ အဓိကထားကြည့်ရှုဆောင်ရွက်နေ တဲ့အဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတကာအသီးသီးနဲ့ မြန်မာနိုင်ငံတစ်ဝန်းလုံး၏ ကိစ္စရပ်အသီးသီးကို နိစ္စဓူဝဆောင်ရွက်နေရတဲ့အဖွဲ့အစည်းဖြစ်ပါတယ်။ သင်္ဃန်းကျွန်းမြို့နယ်တွင် ကော်မတီဖွဲ့စည်းခြင်းနှင့် အဆိုပါကော်မတီ၏လုပ်ဆောင်ချက်များကို မည်သူတစ်ဦးတစ်ယောက်ကမှ အချိန်မီ သီးခြားတင်ပြ လာခြင်းမရှိ၍ သင်္ဃန်းကျွန်းမြို့နယ်တစ်ခုတည်းရဲ့ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ သိရှိရန် လည်း အထူးမလိုအပ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖော်ပြပါကိစ္စရပ် များကိုတင်ပြသူမရှိ၍ မသိရှိပါသဖြင့် နိုင်ငံတော်သမ္မတရုံးရဲ့ညွှန်ကြားချက်ကို ဆန့်ကျင်ဆောင်ရွက် နေမှုအား ပြည်ထောင်စုအစိုးရအဖွဲ့မှ လျစ်လျူရှုမှုပြုသည်ဟု လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ လေ့လာမှုမပြုဘဲ စွပ်စွဲမေးမြန်းရန်မသင့်ပါကြောင်း သတိပြုစေလိုပါတယ်။ ဒီမေးခွန်းကိုမေးတဲ့ အတိုင်းဖြေရရင် မသိပါကြောင်းလို့ဖြေဆိုရင် ပြီးသွားမှာဖြစ်ပါတယ်။ ဒီမေးခွန်းဟာ မြို့နယ်မှာ

ဖြစ်ပျက်တဲ့ကိစ္စဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်မှာသာ မေးမြန်းသင့်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ မေးမြန်းခြင်းအား ဖြေရသူရော နားထောင်ရသူရောပါ လွှတ်တော်မှာ အဓိကလုပ်ငန်းဖြစ်တဲ့ ဥပဒေပြုရေးလုပ်ငန်းများအတွက် အချိန်လျော့နည်းသွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ Centralization စနစ်ဖြစ်တဲ့ Top down စနစ်ကို လျော့ချပြီး Bottom up စနစ်ကို ဖော်ဆောင်နေခြင်းဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ကလည်းပဲ ရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပါတယ်။ မြို့နယ်တစ်ခုအတွင်းမှာဖြစ်တဲ့ကိစ္စတစ်ခုကို ပြည်သူ့လွှတ်တော်မှာလာပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို မေးခွန်းထုတ်သင့်/မသင့် စဉ်းစားပေးစေလိုပါတယ်။ မြို့နယ်တွင်းမှာ ပါတီတွေဘယ်လောက်ပဲများပါစေ မိမိတို့မြို့နယ်တိုးတက်ရေးအတွက် မိမိပါမှ မိမိဦးဆောင်ရမှရယ် မဟုတ်ပါဘူး။ ဘယ်သူလုပ်လုပ်၊ ဘယ်သူဦးဆောင်ဆောင် မြို့နယ်တိုးတက်ရင် ပီတိဖြစ်သင့်ပါတယ်။ ကျွန်တော်တို့ဟာ တစ်စိတ်တစ်ဝမ်းတည်းလက်တွဲပြီး မြို့နယ်တစ်ခုလုံး၊ တစ်ခရိုင်လုံး၊ တစ်တိုင်းလုံး၊ တစ်ပြည်နယ်လုံး၊ တစ်နိုင်ငံလုံးတိုးတက်ကြီးပွားအောင် အမျိုးသားရေးစိတ်ဓာတ်အမြင်နဲ့ သဘောထားကြီးကြီးထားပြီး ညှိနှိုင်းလက်တွဲဆောင်ရွက်သွားရမယ့် အချိန်လည်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးပြောသလိုပဲ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကင်းကင်းနဲ့ အမျိုးသားရေးကို ပူးပေါင်းဆောင်ရွက်ရမယ့်အချိန်ဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့အမြင်နဲ့ နေရာပါစေချင်စိတ်ကြောင့် ဝေဖန်ပြစ်တင်နေမယ့်အစား ပါဝင်ခွင့်ရနိုင်မယ့်နေရာကနေ ပါဝင်ဆောင်ရွက်ခြင်းဟာ မင်္ဂလာတစ်ပါးဖြစ်တယ်လို့ ခံယူသင့်ပါတယ်။ နိုင်ငံတော်သမ္မတရုံးရဲ့ ညွှန်ကြားချက်ကို ဆန့်ကျင်ဆောင်ရွက်မှုမရှိဘဲ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်အကောင်အထည်ဖော်မှုနှင့် ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်များကို ဆက်လက်တင်ပြပေးပါမယ်။ မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်ရန်အလို့ငှာ သဃ်န်းကျွန်းမြို့နယ်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဌာနဆိုင်ရာနှစ်ဦးအပါအဝင် မြို့မိမြို့ဖများနှင့် ရပ်ကွက်ကိုယ်စားလှယ်များမှ အများဆန္ဒနှင့် ရွေးချယ်တာဝန်ပေးအပ်သူ ခုနစ်ဦး၊ ပေါင်း ကိုးဦးနဲ့ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီကို အဖွဲ့ဝင် ငါးဦးမှ ခုနစ်ဦးအထိ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအားအစည်းအဝေးခေါ်ယူပြီး အမည်စာရင်းတင်ပြနိုင်ရန် အသိပေးဆောင်ရွက်ခဲ့ပါတယ်။ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများမှာလည်း ရပ်ကွက်အတွင်း အစည်းအဝေးခေါ်ယူပြီး ကော်မတီအတွက် အဖွဲ့ဝင် ငါးဦးတို့ကို အများဆန္ဒအရရွေးချယ်ပြီး ပြန်လည်တင်ပြခွင့်ပေးခဲ့ပါတယ်။ ရပ်ကွက် ၃၈ ရပ်ကွက်မှ အများဆန္ဒဖြင့် ရွေးချယ်တင်မြှောက်သော မြို့မိမြို့ဖ ၃၈ ဦးမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်

ရေးထောက်အကူပြုကော်မတီအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒနှင့်အညီ ပြန်လည်ရွေးချယ်ခဲ့ပါတယ်။ ယင်း ခုနစ်ဦးနှင့် ဌာနဆိုင်ရာ နှစ်ဦး ပေါင်း ကိုးဦးဖြင့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များကိုလျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီး မြို့နယ်/ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ လျာထားမှုအမည်စာရင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုတင်ပြခဲ့ပါတယ်။ ဖွဲ့စည်းထားပြီးဖြစ်တဲ့ ကော်မတီအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် တစ်လတစ်ကြိမ် ဆွေးနွေးဆောင်ရွက်သွားရန်လည်း ညွှန်ကြားခဲ့ကြောင်းသိရှိရပါတယ်။ ညွှန်ကြားချက်အရ သယ်န်းကျွန်းမြို့နယ်၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများသိရှိ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ရပ်ကွက်များသို့ထပ်မံအသိပေးအကြောင်း ကြားခဲ့ခြင်းဖြစ်သောကြောင့် ဒီမိုကရေစီနည်းလမ်းအရ အများပြည်သူလူထု၏ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ကိုတွေ့ရှိရပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်၊ အစည်းအဝေးတစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အတွင်းသို့ကွင်းဆင်းပြီး ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေးကော်မတီသို့တင်ပြ၍ သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခဲ့ခြင်း၊ သယ်န်းကျွန်းမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် လွှတ်တော်ကိုယ်စားလှယ်များ၏သဘောထားမှတ်ချက်နှင့် အကြံဉာဏ်များရယူနိုင်ရန် ၂၁-၉-၂၀၁၃ ရက်နေ့တွင် သယ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၂) ဒေါ်စန်းစန်းမြင့်တို့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများအပါအဝင် ကော်မတီများ၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံခဲ့သလို ၂၈-၉-၂၀၁၃ ရက်နေ့တွင်လည်း ထပ်မံတွေ့ဆုံမှုပြုခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်များနှင့် အကြံဉာဏ်များရယူခဲ့ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရသိရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လွှတ်တော်နည်းဥပဒေ ၁၄၄(ဃ)အရ ဆက်စပ်မေးခွန်းကို ကျွန်တော်မေးမှာဖြစ်ပါတယ်။ အရင်တုန်းကတော့ ရန်ကုန်တိုင်းဒေသကြီးအစိုးရကို ကျွန်တော်တို့ မတင်ပြတာမဟုတ်ပါဘူး။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှာ တိုင်းပြည်မျက်နှာကြည့်ပြီးတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ရှေးရှုပြီးတော့ ပါတီစွဲဆိုတဲ့စကားကိုလည်း မသုံးချင်

တော့ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ပူးပေါင်းဆောင်ရွက်ရေးအတွက် ဝန်ကြီးချုပ်ဦးမြင့်ဆွေ ရန်ကုန်တိုင်းဒေသကြီးအစိုးရကို အချက်အလက်များနှင့် စာပို့ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့မှ ပြန်ကြားခဲ့ခြင်းမရှိပါဘူး။ နောက်တစ်ခု ကျွန်တော်တို့ အခုတင်ပြနေတာက လွှတ်တော်ကိုယ်စားလှယ်ဆိုတာ လူထုကရွေးထားတာပါ။ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တင်ပြတဲ့ သဘောထားဆန္ဒကို အနိမ့်ဆုံး နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးတဲ့အဆင့်မရှိဘူးဆိုရင် ကျွန်တော်တို့ အခုပြဋ္ဌာန်းထားတဲ့ ၂၀၁၂ ခုနှစ် လွှတ်တော်များဆိုင်ရာဥပဒေအရ ကျွန်တော်တို့ပြောနေခြင်းဖြစ်ပါတယ်။ အခုဆိုရင် လွှတ်တော်ကိုယ်စားလှယ်လေးယောက်လုံးက ကန့်ကွက်ထားတဲ့ပုဂ္ဂိုလ်ကို အရေးယူခြင်းမရှိတဲ့အပြင် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှာ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ရဲ့ ရုံးခန်းပေးထားပါတယ်။ အကောင်အထည်ဖော်ရေးအဖွဲ့တောင် ရုံးခန်းမရှိပါဘူး။ အဲဒီလိုပဲ သမ္မတရုံးညွှန်ကြားချက် လက်ဝယ်မှာရှိတဲ့ ပြန်တမ်းမှာတော့ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တွေကို မြို့နယ်အုပ်ချုပ်ရေးမှူးက ရုံးခန်းပေးရမယ်။ ရပ်ကျေးတွေအထိ ရုံးခန်းတွေဖွင့်ရမယ်။ အဲဒီလိုအဆင့်မျိုးပေးထားတဲ့ ညွှန်ကြားချက်မျိုး ပြည်ထောင်စုအစိုးရအဖွဲ့မှာ ရှိပါသလား။ ကျွန်တော်တို့က အချိန်မီမတင်ပြဘူးဆိုရင် ဆက်လက်ပြီးတော့ ကျွန်တော်တို့အချိန်မီအထောက်အထားနဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ တင်ပြလို့ရှိရင် သမ္မတရုံးအနေနဲ့ အရေးယူပေးပါမည်လား။ အဲဒါကို ဆက်စပ်မေးခွန်းအဖြစ် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွင့်ပြုပါ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေနိုင်ရင် ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးစိုးမောင်(ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ ပထမတစ်ချက်ဖြစ်တဲ့ကန့်ကွက်ထားတယ်ဆိုတဲ့ကိစ္စကို ကျွန်တော်တို့မသိပါဘူး။ ကျန်တဲ့ ရုံးဖွဲ့စည်းရေးကိစ္စကိုတော့ တစ်ချိန်က လွှတ်တော်မှာဖြေပြီးသားဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။ အစည်းအဝေးပြန်လည်စတင်တဲ့အခါမှာ မေးခွန်းနှစ်ခုအား ဆက်လက်ဆောင်ရွက်မှာမဟုတ်ဘဲနဲ့ အစီအစဉ် ၆ ကိုဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ကြိုတင်အသိပေးပါတယ်။

**အချိန်၊ ၁၁း၀၀။**

**မူကြမ်း**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာစတင် တင်သွင်းပြီး ပြင်ဆင်ချက်မရှိအတည်ပြု၍ပေးပို့လာသော အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို ၃-၂-၂၀၁၄ ရက်နေ့တွင်လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ဆွေးနွေးလိုသူများကိုလည်း ၆-၂-၂၀၁၄ ရက်နေ့ နောက်ဆုံးထား၍ အမည်စာရင်းပေးရန်တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယခု ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက် ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကလိုအပ်က ပြန်လည်ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့သဘောထားဆန္ဒရယူ ဆုံးဖြတ်အတည်ပြုခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အချက် ၈၃ ချက်အား တင်သွင်းဖို့ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာစိုးမိုးအောင်ဖြစ်ပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ၈၃ ချက်ရှိပါတယ်ခင်ဗျား။ ပြင်ဆင်ရန်တင်ပြချက်များကို အစဉ်လိုက်ဖတ်ကြားတင်သွင်းသွားမှာပါခင်ဗျား။

ကန့်လန့်ဖြတ်ဇယားမှာပါရှိပြီးဖြစ်တဲ့ အမှတ်စဉ် ၁ အခန်း(၁)ရဲ့ခေါင်းစီးပြောင်းလဲခြင်း ဖြစ်ပါတယ်။ အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားခြင်းဖြစ်ပါတယ်။ အမှတ်စဉ် ၂ အခန်း (၁) ပုဒ်မ ၂၊ ဤဥပဒေအရ အောက်ဖော်ပြပါအကြမ်းဖက်မှုကို ကျူးလွန်သူ၊ ကျူးလွန်ရန်အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ သို့မဟုတ် ကြံရာပါအဖြစ်ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်ဟု ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားပါတယ်။ အမှတ်စဉ် ၃ အနေနဲ့ အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)အား ပြင်ဆင်ချက်ဖြစ်ပါတယ်။ မည်သူမဆို အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အမှားပြင်ဆင်ပါတယ်ခင်ဗျား။ အမှတ်စဉ် ၃ နှင့် ၄ က ဦးခိုင်မောင်ရည်ရဲ့ပြင်ဆင်ချက် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်ကတော့ ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၅ ပုဒ်မ ၂ ပုဒ်မခွဲ(င) ဖြစ်ပါတယ်။ မည်သူမဆို ပြင်ပရှိ နိုင်ငံပိုင်အဆောက်အဦ၊ ယာဉ်၊ စက်ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင်သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့်အကြမ်းဖက်မှုဟု ပြင်ဆင်ပါတယ်။ ကန့်လန့်ဖြတ်ဇယားရဲ့စာမျက်နှာ ၂ အမှတ်စဉ် ၇၊ စာမျက်နှာ ၂ အမှတ်စဉ် ၈ အခန်း (၁) ပုဒ်မ ၂ ပုဒ်မခွဲ(ဇ)၊ နိုင်ငံတော်အတွင်းသို့ရောက်ရှိနေသော အကြမ်းဖက်မှု ကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအားသက်ဆိုင်ရာပြည်ပနိုင်ငံသို့ တရားခံလွှဲပြောင်းပေးရန်တောင်းဆိုချက်ကို ခွင့်မပြုသည့်အခါ ထိုသူကကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုဟု ပြင်ဆင်ပါတယ်။ အမှတ်စဉ် ၉ ပုဒ်မ ၂ ပုဒ်မခွဲ(ဈ)၊ မည်သူမဆို နိုင်ငံတော်အတွင်းအခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော်လည်းကောင်း ကျူးလွန်သည့်အကြမ်းဖက်မှုများဟု ပြင်ဆင်ပါတယ်။ အမှတ်စဉ် ၁၀ ပုဒ်မ ၂ ပုဒ်မခွဲ(ည)၊ မည်သူမဆို နိုင်ငံတော်၏မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် ကျူးလွန်သည့်အကြမ်းဖက်မှုများ။ အမှတ်စဉ် ၁၁ ပုဒ်မ ၃ ပုဒ်မခွဲ(ခ)၊ အကြမ်းဖက်မှုဆို

သည်မှာ အကြမ်းဖက်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် အောက်ဖော်ပြပါပြစ်မှုတစ်ရပ်ရပ်ကို ပြုလုပ်မှုနှင့်ပြုလုပ်ရန်ပျက်ကွက်မှုများကိုဆိုသည်။ အမှတ်စဉ် ၁၂ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁) အခန်း(၄)တွင်ပြဋ္ဌာန်းထားသော မြို့ပြလေကြောင်းပျံသန်းရေးနှင့်လေဆိပ်တို့ကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု၊ အမှတ်စဉ် ၁၃ ပုဒ်မ ၃ ပုဒ်မခွဲ(၂) ပုဒ်မခွဲငယ်(၂) အခန်း(၅)တွင်ပြဋ္ဌာန်းထားသော ကိုယ်စားလှယ်များအပါအဝင် အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအား ကျူးလွန်သည့်ပြုလုပ်မှု၊ အမှတ်စဉ် ၁၄ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃) အခန်း(၆)တွင် ပြဋ္ဌာန်းထားသော ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြုလုပ်မှု၊ အမှတ်စဉ် ၁၅ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၄) အခန်း(၇) တွင်ပြဋ္ဌာန်းထားသော နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဓာတ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှု။ အမှတ်စဉ် ၁၆ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၅) အခန်း (၈)တွင် ပြဋ္ဌာန်းထားသော ပင်လယ် ရေကြောင်းသွားလာရေးကိုဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု။ အမှတ်စဉ် ၁၇ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၆) အခန်း(၉)တွင်ပြဋ္ဌာန်းထားသော ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှု။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၄ အမှတ်စဉ် ၁၈ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၇) အခန်း(၁၀)တွင် ပြဋ္ဌာန်းထားသော အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု၊ အမှတ်စဉ် ၁၉ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၈) အခန်း(၁၁)တွင် ပြဋ္ဌာန်းထားသော အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ ကျူးလွန်သည့်ပြစ်မှု။ အမှတ်စဉ် ၂၀ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၉) အခန်း(၁၂) တွင်ပြဋ္ဌာန်းထားသောအကြမ်းဖက်မှုကို ငွေကြေးနှင့်ပစ္စည်းထောက်ပံ့မှုနှင့် သက်ဆိုင်သည့်ပြစ်မှု။

ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၅ အမှတ်စဉ် ၂၅ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲငယ်(ဂ)၊ မြေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံဆိုသည်မှာ နိုင်ငံတော်၏ကမ်းလွန်ရေတိမ်ပိုင်းတွင် ရေအောက်သယံဇာတရှာဖွေရေး သို့မဟုတ် ထုတ်ယူအသုံးပြုရေးအတွက်ဖြစ်စေ၊ အခြားစီးပွားရေးအတွက်ဖြစ်စေရည်ရွယ်၍ ပင်လယ်ကြမ်းပြင်တွင် အခိုင်အမာတပ်ဆင်ဆောက်လုပ်ထားသော ဖန်တီးထားသည့်ကျွန်း သို့မဟုတ် နေရာအဆောက်အအုံကိုဆိုသည်။ အမှတ်စဉ် ၂၆ ပုဒ်မ ၃ ပုဒ်မခွဲ(ဆ)၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများဆိုသည်မှာ နိုင်ငံတော်၏ ကိုယ်စားလှယ်၊ အစိုးရအဖွဲ့ဝင်များ၊ ဥပဒေပြုရေး သို့မဟုတ် တရားစီရင်ရေးအဖွဲ့ဝင်များ၊ နိုင်ငံတော်

၏အရာထမ်း၊ အမှုထမ်းများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများ သို့မဟုတ် အစိုးရဌာနချင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများမှ အရာထမ်း၊ အမှုထမ်းများအတွက် ယင်းတို့၏တရားဝင်တာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ ယာယီ သို့မဟုတ် အမြဲတမ်းနေထိုင်သောအဆောက်အအုံ သို့မဟုတ် အသုံးပြုသောယာဉ်၊ စက်ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းတို့ကိုဆိုသည်။ အမှတ်စဉ် ၂၇ ပုဒ်မ ၃ ပုဒ်မခွဲ (ဠ)(၁)၊ စက်မှုစိုက်ပျိုးရေးသုတေသနဆေးဝါးဆိုင်ရာ သို့မဟုတ် အခြားငြိမ်းချမ်းစွာအသုံးချရေးအတွက်သော်လည်းကောင်း၊ အဆိပ်အတောက်ဓာတုပစ္စည်းများနှင့် ဓာတုလက်နက်များအား တိုက်ရိုက်ကာကွယ်ရေးအတွက်သော်လည်းကောင်း၊ ဓာတုအဆိပ်အတောက်ပစ္စည်းများဖြင့် အသုံးပြုမည့်စစ်ရေးကိစ္စများအတွက်သော်လည်းကောင်း၊ ပြည်တွင်းဆူပူအုံကြွမှုများအား နှိမ်နင်းရေးအတွက်သော်လည်းကောင်း အသုံးပြုရန်မရည်ရွယ်သည့်အဆိပ်အတောက်ဓာတုပစ္စည်းများ။ အမှတ်စဉ် ၂၉ ပုဒ်မ(၃) ပုဒ်မခွဲ(ဏ)၊ နျူကလီးယားအဆောက်အအုံဟုဆိုရာတွင် အောက်ပါတို့ပါဝင်သည်။

(၁) ရေယာဉ်၊ မော်တော်ယာဉ်၊ လေယာဉ် သို့မဟုတ် အာကာသယာဉ်တစ်မျိုးမျိုးပေါ်တွင် အဆိုပါယာဉ်များရွေ့လျားနိုင်ရေးအတွက် စွမ်းအင်ပင်ရင်းအဖြစ်အသုံးပြုရန် သို့မဟုတ် အခြားရည်ရွယ်ချက်ဖြင့်အသုံးချရန် တပ်ဆင်ထားသော နျူကလီးယားဒြပ်ပေါင်းဖိုအပါအဝင် မည်သည့်နျူကလီးယားဒြပ်ပေါင်းဖိုမဆို၊ ပုဒ်မခွဲငယ်(၂) ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်းတို့အတွက်အသုံးပြုသည့် မည်သည့်စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ သို့မဟုတ် အဆောက်အအုံ။ အမှတ်စဉ် ၃၀ ပုဒ်မ ၃ ပုဒ်မခွဲ(ဏ) ပုဒ်မခွဲငယ်(၃)၊ နျူကလီးယားဒြပ်ပစ္စည်းထုတ်လုပ်ခြင်း၊ အဆင့်ဆင့်ပြုပြင်စီရင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် စွန့်ပစ်ခြင်းပြုလုပ်သည့် စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် အဆောက်အအုံကိုဖျက်ဆီးခြင်း သို့မဟုတ် နှောက်ယှက်ခြင်းပြုပါက သိသာ များပြားသောပမာဏရှိသည့် ဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများထွက်ရှိထုတ် လွှတ်စေနိုင်သည့်အဆောက်အအုံ။ အမှတ်စဉ် ၃၁ ပုဒ်မခွဲ(၃) ပုဒ်မခွဲငယ်(တ)၊ အပြည်ပြည်ဆိုင်ရာ နျူကလီးယားသယ်ယူပို့ဆောင်မှုဆိုသည်မှာ နျူကလီးယားဒြပ်ပစ္စည်းကိုဖြစ်စေ၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းကိုဖြစ်စေ၊ နျူကလီးယားအဆောက်အအုံကိုဖြစ်စေ မည်သို့သောနည်းလမ်းဖြင့်မဆို စတင် တင်ပို့ရာနိုင်ငံ၏ နယ်နိမိတ်ကိုကျော်လွန်၍ ပို့ဆောင်ရန်အလို့ငှာ ထိုနိုင်ငံမှကုန်တင်ပို့သူ၏ အဆောက်အအုံတစ်ခုခုမှထွက်ခွာမှုဖြင့် စတင်ပြီးအဆုံးသတ်အသုံးချမည့်နိုင်ငံရှိ ကုန်လက်ခံသူ၏ အဆောက်အအုံတစ်ခုခုသို့ရောက်ရှိမှုဖြင့် အဆုံးသတ်ခြင်းကိုဆိုသည်။ အမှတ်စဉ် ၃၂ ပုဒ်မ ၃ ပုဒ်မခွဲ

(ထ) ပုဒ်မခွဲငယ်(၁)၊ လူတစ်ဦးဦးအားသေစေရန် သို့မဟုတ် အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိစေရန် သော်လည်းကောင်း၊ အရာဝတ္ထုပစ္စည်းများအား ဆိုးရွားစွာပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း၊ ပုံစံ ရေးဆွဲတီထွင်ထုတ်လုပ်သည့် သို့မဟုတ် စွမ်းအားရှိသည့် ပေါက်ကွဲစေတတ်သော သို့မဟုတ် မီး လောင်စေတတ်သောလက်နက် သို့မဟုတ် ပစ္စည်းကိရိယာ၊ ပုဒ်မခွဲငယ်(၂)၊ အဆိပ်အာနိသင်ရှိသော ဇီဝပစ္စည်းများ၊ ဓာတုပစ္စည်းများ၊ အဆိပ်အတောက်များ၊ အလားတူပစ္စည်းများ၊ အနုမြူဓာတ်ရောင်ခြည် သို့မဟုတ် ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများထုတ်လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ထိခိုက်မိစေခြင်းဖြင့် လူတစ်ဦးဦးအားသေစေရန် သို့မဟုတ် ပြင်းထန်စွာထိခိုက်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ အရာ ဝတ္ထုပစ္စည်းများအား ဆိုးရွားစွာပျက်စီးဆုံးရှုံးစေရန်သော်လည်းကောင်း၊ ပုံစံရေးဆွဲတီထွင်ထုတ်လုပ် သည့် သို့မဟုတ် စွမ်းအားရှိသည့်လက်နက် သို့မဟုတ် ပစ္စည်းကိရိယာ။ အမှတ်စဉ် ၃၃ ပုဒ်မ ၃ ပုဒ်မခွဲ(ဒ)၊ ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းဆိုသည်မှာ ပျော့ပြောင်းသော သို့မဟုတ် ဆွဲဆန့်လျှင်ရှန်းတတ်သော ပုံသဏ္ဌာန်တစ်မျိုးမျိုးဖြင့် ပေါက်ကွဲစေရန်ပြုလုပ်ထားသော ပလပ်စတစ် ဝတ္ထုပစ္စည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းများကို စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဤ ဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများဖြင့် ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းဖြစ် သည်ဟုသတ်မှတ်သော အခြားအရာဝတ္ထုပစ္စည်းတစ်ခုခုလည်း ပါဝင်သည်။

အမှတ်စဉ် ၃၄ ပုဒ်မ ၃ ပုဒ်မခွဲ(ဓ)၊ သင်္ဘောဆိုသည်မှာ စွမ်းအင်တစ်မျိုးမျိုးဖြင့်မောင်းနှင်သော ရေယာဉ်၊ ရေအောက်ငုပ်လျှိုးမောင်းနှင်နိုင်သောရေယာဉ် သို့မဟုတ် ရေပြင်ပေါ်တွင် ရွေ့လျား သွားလာနိုင်သောအခြားရေယာဉ် တစ်မျိုးမျိုးအပါအဝင် ပင်လယ်ကြမ်းပြင်နှင့်အမြဲစွဲကပ်ထားခြင်းမရှိ သောမည်သည့်ရေယာဉ်မျိုးကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ရွေ့လျားနိုင်သောကမ်းလွန်သယံ ဇာတတူးဖော်ရေးစင်နှင့် ရှပ်ပြေးအမြန်ယာဉ်များလည်း ပါဝင်သည်။ အမှတ်စဉ် ၃၅ ပုဒ်မ ၃ ပုဒ်မခွဲ ငယ်(န)၊ အကြမ်းဖက်သမားဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ဥပဒေနှင့်မညီပဲ တစ်နည်းနည်းဖြင့်ကျူးလွန်သူ သို့မဟုတ် ကျူးလွန်ရန်အားထုတ်သူကိုသော် လည်းကောင်း၊ အကြမ်းဖက်မှုတွင်ကြံရာပါအဖြစ်ပါဝင်သူ သို့မဟုတ် အကြမ်းဖက်မှုကျူးလွန်ရန် အခြားသူများအား ညွှန်ကြားသူ သို့မဟုတ် စည်းရုံးသိမ်းသွင်းသူကိုသော်လည်းကောင်း၊ အကြမ်း ဖက်မှုကျူးလွန်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ပါဝင်ထောက်ပံ့သူကိုသော်လည်းကောင်းဆိုသည်။ အမှတ်စဉ် ၃၆ ပုဒ်မ ၃ ပုဒ်မခွဲငယ်(ပ)၊ အကြမ်းဖက်အုပ်စုဆိုသည်မှာ အကြမ်းဖက်မှုတစ်ခုခုကိုကျူးလွန်ရန်

အချိန်ကာလတစ်ခုယူ၍ ဖွဲ့စည်းထားသည့်လူနှစ်ဦးနှင့်အထက် ပါဝင်သောအသင်းအဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အရလည်းကောင်း၊ ဗဟိုအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့်လည်းကောင်း ကြေညာထားသည့် အကြမ်းဖက်အုပ်စု လည်းပါဝင်သည်။ အမှတ်စဥ် ၃၇ ပုဒ်မ ၃ ပုဒ်မခွဲ(ယ)၊ ဗဟိုအဖွဲ့ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းသော အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ကိုဆိုသည်။ အမှတ်စဥ် ၃၈ အခန်း(၃) ပုဒ်မ ၅ ပုဒ်မခွဲငယ်(က)၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် (က) ပြည်ထဲရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ဌာနများမှ ဝန်ကြီးများ၊ အစိုးရဌာနနှင့်အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များက အဖွဲ့ဝင်များ အဖြစ်လည်းကောင်း ပါဝင်သည့်အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။ အမှတ်စဥ် ၃၉ ပုဒ်မ ၆ ပုဒ်မခွဲငယ်(ဂ)၊ လုပ်ငန်းကော်မတီများ၊ အဖွဲ့များ၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန များ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများကို ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းပေးခြင်း၊ လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်း၊ ပုဒ်မခွဲငယ်(င)၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ကြေညာချက်အရဖြစ်စေ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုတစ်ခုခုကို အကြမ်းဖက်အုပ်စုအဖြစ်လည်းကောင်း၊ လူတစ်ဦးဦးကို အကြမ်းဖက် သမားအဖြစ်လည်းကောင်း သတ်မှတ်ကြေညာခြင်းနှင့်ကြေညာချက်ကို ပြန်လည်ရုတ်သိမ်းခြင်း။

ကန့်လန့်ဖြတ်ဇယား အမှတ်စဥ် ၄၁ ပုဒ်မ ၆ ပုဒ်မခွဲငယ်(တ)၊ အကြမ်းဖက်မှုကို ဖော်ထုတ် အရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ တားဆီးနှိမ်နင်းရေးအဖွဲ့အစည်းများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် အများပြည်သူတို့အသိပညာပေးရေးနှင့် စွမ်းဆောင်ရေး၊ မြှင့်တင်ရေးလုပ်ငန်းများအား လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်းများဆောင်ရွက်ခြင်း။ အမှတ်စဥ် ၄၂ ပုဒ်မ ၆ ပုဒ်မခွဲငယ်(ထ)၊ အကြမ်းဖက်မှုတားဆီးနှိမ်နင်းရေး၊ တိုက်ဖျက်ရေးတို့နှင့်စပ်လျဥ်း၍ ဗဟို အဖွဲ့၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အခါအားလျော်စွာ အစီရင်ခံတင်ပြခြင်း နှင့် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်အခြားတာဝန်များကို ထမ်းဆောင်ခြင်း။ အမှတ်စဥ် ၄၃ အခန်း(၄)၊ ခေါင်းစီးပြောင်းခြင်းဖြစ်ပါတယ်။ မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများကို တားဆီးနှိမ်နင်းခြင်းနှင့် တိုက်ဖျက်ခြင်း။ အမှတ်စဥ် ၄၄ အခန်း(၄) ပုဒ်မ ၇၊ မည်သူမဆို လေယာဥ်ဝန်ဆောင်မှုပေးချိန် လေယာဥ်ပေါ်၌ အောက်ပါတစ်ခုခုကို ဥပဒေနှင့်မညီပဲ တမင်ကျူးလွန်ပါက မြို့ပြလေကြောင်းပျံသန်းရေးနှင့် လေဆိပ်

တို့ကို ဘေးအန္တရာယ်ဖြစ်စေသည့် ပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ(ခ)၊ လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ကိုဘေးအန္တရာယ်ဖြစ်စေရန် လေယာဉ်ပေါ်ရှိသူကို အတင်းအဓမ္မပြုလုပ်မှု။ အမှတ်စဉ် ၄၅ ပုဒ်မ ၈ အပိုဒ်ခွဲငယ်(ဃ)၊ လေယာဉ်ဝန်ဆောင်မှုပေးချိန်၌ လူတစ်ဦးဦးကိုသေစေခြင်း၊ အပြင်း အထန်ဒဏ်ရာရရှိစေခြင်း သို့မဟုတ် အခြေခံအဆောက်အအုံများ သို့မဟုတ် နိုင်ငံပိုင်အဆောက် အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့်အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့် သို့မဟုတ် ထိုသို့ဖြစ်စေနိုင်သည့်ပစ္စည်း၊ ဇီဝဓာတုနှင့်နျူကလီးယားလက်နက်၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း သို့မဟုတ် အလားတူကိရိယာ သို့မဟုတ် အရာဝတ္ထုဖြင့် လေယာဉ်ကိုထိခိုက်ပျက်စီးစေမှု၊ ထိုလေယာဉ်ပေါ်တွင် အသုံးပြုမှု သို့မဟုတ် ထိုကိရိယာ သို့မဟုတ် အရာဝတ္ထုကို လေယာဉ်ပေါ်မှစွန့်ပစ်မှု သို့မဟုတ် ပစ်ချမှု။ အမှတ်စဉ် ၄၆ ပုဒ်မ ၉၊ မည်သူမဆို လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲတမင်ကျူးလွန် လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဘေးအန္တရာယ်ဖြစ်စေသည့်ပြစ်မှုမြောက်သည်။ အပိုဒ်ခွဲငယ် (က)၊ လေယာဉ်ဝန်ဆောင်မှုပေးချိန် လေယာဉ်ပေါ်တွင် လေယာဉ်ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ် စေရန် လေယာဉ်ပေါ်ရှိသူတစ်ဦးဦးကို အတင်းအဓမ္မပြုလုပ်မှု၊ အပိုဒ်ခွဲ(ခ)၊ လေယာဉ်ကိုပျက်စီးစေရန် သော်လည်းကောင်း၊ လေယာဉ်ကို ပျံသန်းခြင်းမပြုနိုင်စေရန်သော်လည်းကောင်း၊ လေယာဉ်ပျံသန်းစဉ် ဘေးအန္တရာယ်ဖြစ်စေရန်သော်လည်းကောင်း ဝန်ဆောင်မှုပေးနေသည့်လေယာဉ်ကို ဖျက်ဆီးမှု၊ ထိခိုက်ပျက်စီးစေမှု သို့မဟုတ် လေယာဉ်ပျက်စီးစေနိုင်သည့် ကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို လေယာဉ်ပေါ်၌ချထားမှု သို့မဟုတ် ထားရှိစေမှု။ အမှတ်စဉ် ၄၇ ပုဒ်မ ၁၀၊ မည်သူမဆို ဥပဒေနှင့် မညီဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ပြုလုပ်လျှင် မြို့ပြလေကြောင်းပျံသန်းရေးကို ဝန်ဆောင်မှုပေးနေသောလေဆိပ်အား ဥပဒေနှင့်မညီဘဲ အတင်းအဓမ္မပြုလုပ်သည့်ပြစ်မှုမြောက်သည်။ အမှတ်စဉ် ၄၈ ပုဒ်မ ၁၁ အပိုဒ်ခွဲ(က)၊ ထိုကျူးလွန်သူအား ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှု ကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူထံအပ်နှံရန်ဖြစ်စေ၊ လေယာဉ်ပေါ်မှဆင်းစေရန်ဖြစ်စေ ထိုသူကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ယင်းသို့ဖမ်းဆီးထိန်းသိမ်းရေးအတွက် လေယာဉ်အမှုထမ်းများနှင့် ခရီးသည် များ၏ အကူအညီကိုရယူခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းစေရန်အခွင့်အာဏာပေးခြင်းအပါအဝင် အခြားသင့်လျော်သောအရေးယူဆောင်ရွက်မှုများပြုနိုင်သည်။

အမှတ်စဉ် ၄၉ ပုဒ်မ ၁၂ အပိုဒ်ခွဲ(က)၊ နိုင်ငံတော်၏ မြို့ပြလေကြောင်းဆိုင်ရာ တာဝန်ရှိသူ သည် ပုဒ်မ ၁၁ ပုဒ်မခွဲ(ခ)အရ အကြောင်းကြားချက်ကိုလက်ခံရရှိသည့်အခါ နိုင်ငံတော်တွင်ဖြစ်စေ၊

အခြား နိုင်ငံတစ်ခုခုတွင်ဖြစ်စေ မှတ်ပုံတင်ထားသည့်လေယာဉ်၏ လေယာဉ်မှူးကို ထိုဥပဒေနှင့်မညီပဲ တမင်ပြုလုပ်သည့်ပြစ်မှုကျူးလွန်သူအား လေယာဉ်ပေါ်မှဆင်းစေရန် ခွင့်ပြုရမည်။ အပိုဒ်ခွဲ(ခ)၊ လေယာဉ်မှူးသည် နိုင်ငံတော်၏လေဆိပ်သို့ဖြစ်စေ၊ အခြားနိုင်ငံတစ်နိုင်ငံ၏လေယာဉ်ကွင်းသို့ဖြစ်စေ လေယာဉ်ဆင်းသက်ပြီးသည့်အခါ ဤအခန်းပါဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့် ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယုံကြည်ရသူအား ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာ တာဝန်ရှိသူထံသို့ သက်သေခံအထောက်အထားများနှင့်အတူ ဖြစ်နိုင်သမျှဆောလျင်စွာ လွှဲအပ်နိုင်သည်။ အပိုဒ်ခွဲ(ဂ)၊ ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူသည် ပုဒ်မခွဲ(ဂ)အရ လွှဲအပ်ပေးသော ဥပဒေနှင့်မညီဘဲတမင်ပြုလုပ်သည့် ပြစ်မှုကျူးလွန်သူအား လက်ခံပြီးနောက် ဤဥပဒေအခန်း(၁၆)ပါပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။ အမှတ်စဉ် ၅၀ ပုဒ်မ ၁၃၊ လေယာဉ်ဝန်ဆောင်မှုပေးချိန်တွင် လေယာဉ်ပေါ်၌ဥပဒေနှင့်မညီဘဲ တမင်ပြုလုပ်သည့်ပြစ်မှုကျူးလွန်ခဲ့သည်ဖြစ်ကြောင်း သို့မဟုတ် ကျူးလွန်တော့မည်ဖြစ်ကြောင်း ရရှိသည့်သတင်းအချက်အလက်မှာ ယုံကြည်ရသောအထောက်အထားရှိသည့်အခါ ဗဟိုအဖွဲ့ကဖြစ်စေ၊ ဗဟိုအဖွဲ့ကလွှဲအပ်သည့် လုပ်ငန်းကော်မတီနှင့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတို့ကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလိုစီစဉ်ဆောင်ရွက်ရမည်။ အမှတ်စဉ် ၅၁ အခန်း(၅)ရဲ့ခေါင်းစီးအား ပြောင်းခြင်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်များအပေါ်ကျူးလွန်မှုများကို တားဆီးနှိမ်နင်းခြင်း။ အမှတ်စဉ် ၅၂ ပုဒ်မ ၁၅၊ မည်သူမဆို အပြည်ပြည်ဆိုင်ရာအကာအကွယ်ပေးရမည့်ပုဂ္ဂိုလ်အပေါ် အောက်ဖော်ပြပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် ပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ(ခ)၊ အပြည်ပြည်ဆိုင်ရာ အကာအကွယ်ပေးမည့် ကာကွယ်ပေးရမည့်ပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကိုဖြစ်စေ၊ လွတ်လပ်ခွင့်ကိုဖြစ်စေ အန္တရာယ်ဖြစ်စေရန်ရည်ရွယ်၍ ယင်း၏တရားဝင်ပုရဝဏ်၊ ကိုယ်တိုင်နေထိုင်သည့် အဆောက်အအုံ သို့မဟုတ် စီးနင်းသွားလာသည့်ယာဉ်ကို ပြင်းထန်စွာထိခိုက်နစ်နာစေမှု။ အမှတ်စဉ် ၅၃ အခန်း(၆)၏ခေါင်းစီးအားပြောင်းခြင်းဖြစ်ပါတယ်။ ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းမှုများကို တားဆီးနှိမ်နင်းခြင်း။ အမှတ်စဉ် ၅၄ ပုဒ်မ ၁၇ အပိုဒ်ခွဲ(က)၊ လူတစ်ဦးဦးအားဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြု၍ အခြားသူတစ်ဦးဦးကိုဖြစ်စေ၊ နိုင်ငံတော်ကိုဖြစ်စေ၊ အစိုးရချင်းဖွဲ့စည်းထားသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကိုဖြစ်စေ၊ ဥပဒေအရဖွဲ့စည်းထားသည့် အသင်းအဖွဲ့ကိုဖြစ်စေ၊ လူတစ်စုကဖြစ်စေ ဥပဒေနှင့်မညီညွတ်သော ဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွတ်သော ဆောင်ရွက်မှုကိုမပြုစေရန်တောင်းဆိုပြီး ယင်းတောင်းဆိုချက်ကိုငြင်းပယ်လျှင် ဓားစာခံအဖြစ် ဖမ်းဆီးထိန်းသိမ်းထားသူကို

သေစေမည်၊ အပြင်းအထန်နာကျင်စေမည် သို့မဟုတ် ဆက်လက်ထိန်းသိမ်းထားမည်ဟုသော်လည်းကောင်း၊ ထိုတောင်းဆိုချက်ကိုလက်ခံပါက ဓားစာခံအဖြစ်ထိန်းသိမ်းထားသူကို ပြန်လွှတ်ပေးမည်ဟုသော်လည်းကောင်း စည်းကမ်းချက်ထား၍ ခြိမ်းခြောက်မှုပြုလျှင် ဓားစာခံအဖြစ်ဖမ်းဆီးထိန်းသိမ်းသည့်ပြစ်မှုကျူးလွန်ရာရောက်သည်။ အမှတ်စဥ် ၅၅ အခန်း(၇)၏ခေါင်းစီးပြောင်းခြင်းဖြစ်ပါသည်။ ဓျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဓျူကလီးယားအဆောက်အအုံများနှင့် သက်ဆိုင်သည့်ပြစ်မှုများနှင့် ဇီဝဓာတုနှင့်ဓျူကလီးယားလက်နက်များကို တားဆီးနှိမ်နင်းခြင်း။ အမှတ်စဥ် ၅၆ ပုဒ်မ ၁၉၊ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် ဓျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝဓာတုနှင့်ဓျူကလီးယားလက်နက်ဆိုင်ရာပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ(က) လူတစ်ဦးဦး၊ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီ ညွှတ်သောဆောင်ရွက်မှုကိုပြုစေရန် သို့မဟုတ် ဥပဒေနှင့်ညီညွှတ်သောဆောင်ရွက်မှုကိုမပြုစေရန်သော်လည်းကောင်း၊ လူတစ်ဦးဦးကိုသေစေရန်၊ အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း သို့မဟုတ် ထိုသို့တစ်စုံတရာဖြစ်စေရန်သော်လည်းကောင်း ဓျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝဓာတုနှင့်ဓျူကလီးယားလက်နက်များကို တစ်နည်းနည်းဖြင့်လက်ခံမှု၊ လက်ဝယ်ထားရှိမှု၊ အသုံးပြုမှု၊ ပြုလုပ်မှု၊ လွှဲပြောင်းမှု၊ ပြောင်းလဲမှု၊ စွန့်ပစ်မှု၊ ပျံ့လွင့်စေမှု သို့မဟုတ် ဖြန့်ကြက်ချထားမှု။ အမှတ်စဥ် ၅၇ ပုဒ်မ ၁၉ အပိုဒ်ခွဲ(ခ)၊ ဓျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်း၊ ဇီဝဓာတုနှင့်ဓျူကလီးယားလက်နက်များကို ခိုးယူမှု၊ လုယက်မှု၊ အလွဲသုံးစားပြုမှုနှင့် လိမ်လည်အတုပြုလုပ်မှု။ အမှတ်စဥ် ၅၈ ပုဒ်မ ၁၉ အပိုဒ်ခွဲ(စ)၊ လူတစ်ဦးဦး အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် နိုင်ငံတော်ကို ဥပဒေနှင့်မညီညွှတ်သောဆောင်ရွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေနှင့် ညီညွှတ်သောဆောင်ရွက်မှုကို မပြုစေရန်အလို့ငှာ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ခ)အထိ ပါရှိသော ပြစ်မှုတစ်ခုခုကိုကျူးလွန်ရန်ခြိမ်းခြောက်မှု။ အမှတ်စဥ် ၅၉ ပုဒ်မ ၂၀ မည်သူမဆိုအောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့်ကျူးလွန်လျှင် ဓျူကလီးယားအဆောက်အအုံဆိုင်ရာ ပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ (က)၊ နိုင်ငံတော်၏နယ်နိမိတ်အတွင်းရှိ ဓျူကလီးယားအဆောက်အအုံကို တည်ဆဲဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်းမပြုဘဲ လူတစ်ဦးဦးကိုသေစေရန်၊ ပြင်းထန်စွာဒဏ်ရာရစေရန်၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့တစ်စုံတရာဖြစ်စေရန် ရည်ရွယ်၍သော်လည်းကောင်း ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းများကိုသိလျက်နှင့် ထုတ်လွှတ်ခြင်း သို့မဟုတ် ထုတ်လွှင့်စေခြင်းဖြင့် ဓျူကလီးယားအဆောက်

အဖွဲ့များကိုဖြစ်စေ၊ ယင်းအဆောက်အအုံများ၏ လည်ပတ်ဆောင်ရွက်မှုများကိုဖြစ်စေ ထိခိုက်စေသည့်ညွှန်ကြားမှု။

အမှတ်စဉ် ၆၀ ပုဒ်မ ၂၂ အပိုဒ်ခွဲ (က)၊ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်း မပြုရ။ အပိုဒ်ခွဲ(ခ)၊ ပြည်ပမှတင်သွင်းရန် ခွင့်ပြုချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးစေခြင်းမပြုရ။ အပိုဒ်ခွဲ(ဂ)၊ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ကုန်းကြောင်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့် သယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်း၊ နိုင်ငံတော်၏ လေဆိပ်၊ သင်္ဘောဆိပ်မှတစ်ဆင့် ဖြတ်သန်းသယ်ယူပို့ဆောင်ခြင်းကိုသော်လည်းကောင်းခွင့်မပြုရ။ အမှတ်စဉ် ၆၁ ပုဒ်မ ၂၃၊ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ခုခုကို ရည်ရွယ်ချက်ဖြင့် တမင် ကျူးလွန်လျှင် နျူကလီးယား ဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃ ပုဒ်မခွဲ (ဏ)၊ ပုဒ်မခွဲငယ် (၁) ပါ နျူကလီးယားအဆောက်အအုံများတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် လွှဲပြောင်းခြင်းဆိုင်ရာ ပြစ်မှုကျူးလွန်ရာရောက်သည်။ အမှတ်စဉ် ၆၂ ပုဒ်မ ၂၄၊ မည်သူမဆို အောက်ဖော်ပြပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနှင့်မညီဘဲတမင်ကျူးလွန်လျှင် နျူကလီးယား အကြမ်းဖက်မှုဆိုင်ရာပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ(က)၊ လူတစ်ဦးဦးကိုသေဆုံးစေရန် သို့မဟုတ် ပြင်းထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ ပစ္စည်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန်သော်လည်းကောင်း၊ ထိုသို့ဖြစ်စေရန်သော်လည်းကောင်း ရည်ရွယ်၍ဆောင်ရွက်ခြင်း။ အမှတ်စဉ် ၆၃ ပုဒ်မ ၂၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၃)၊ နျူကလီးယား အဆောက်အအုံများ နှောက်ယှက်ဖျက်ဆီးမှုဖြစ်ပွားပါက ရေဒီယိုသတ္တိကြွမှုများ လျော့နည်းနိုင်သမျှလျော့နည်းနိုင်ရန် စီမံထားရှိရေး။ အမှတ်စဉ် ၆၄ ပုဒ်မ ၂၆ အပိုဒ်ခွဲငယ် (ဃ)၊ နျူကလီးယားဒြပ်ပစ္စည်း၊ ရေဒီယိုသတ္တိကြွဒြပ်ပစ္စည်းနှင့် ပုဒ်မ ၃ ပုဒ်မခွဲ (ဏ) ပုဒ်မခွဲငယ် (၁)၊ နျူကလီးယား အဆောက်အအုံများကို ပြည်တွင်းရှိနေရာတစ်ခုခုမှ နိုင်ငံတကာရေပြင် သို့မဟုတ် လေထုကိုဖြတ်သန်း၍ ပြည်တွင်းရှိဆိပ်ကမ်း၊ လေဆိပ်၊ နယ်စပ်ဝင်/ထွက်ပေါက် သို့မဟုတ် အခြားနေရာတစ်ခုခုသို့ ကုန်းလမ်း၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့်ဖြစ်စေ၊ ထိုဆိပ်ကမ်း၊ လေဆိပ်၊ ရေကြောင်း သို့မဟုတ် လေကြောင်းဖြင့်ဖြစ်စေ၊ ထိုဆိပ်ကမ်း၊ လေဆိပ် နယ်စပ်ဝင်/ထွက်ပေါက် သို့မဟုတ် အခြားနေရာတစ်ခုခုမှတစ်ဆင့်ဖြစ်စေ သယ်ယူပို့ဆောင်ခြင်းအပေါ်တွင် သက်ရောက်သည်။ အမှတ်စဉ် ၆၅ အခန်း(၈)၏ ခေါင်းစီးပြောင်းခြင်းဖြစ်ပါတယ်။ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့်ဥပဒေမဲ့ ပြုလုပ်မှုများအား တားဆီးနှိမ်နင်းခြင်း။

**မူကြမ်း**

အမှတ်စဉ် ၆၆ အခန်း(၈)၊ ပုဒ်မ ၂၇၊ မည်သူမဆို အောက်ပါပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ခုခုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်လျှင် ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်သည့် ပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ (ခ)၊ သင်္ဘောဖြင့် ရေကြောင်းသွားလာရေးကို ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပြုလုပ်မှုဖြင့် သင်္ဘောပေါ်ရှိသူများအား အတင်းအဓမ္မပြု လုပ်မှု၊ အပိုဒ်ခွဲ (ဇ)၊ အပိုဒ်ခွဲ (ဆ)တွင်ပါရှိသည့် ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်း၊ ရေဒီယိုသတ္တိ ကြွဒြပ်ပစ္စည်း၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များနှင့် အလားတူပစ္စည်းကိရိယာများ၊ အခြားအရင်းအမြစ်ပစ္စည်းများ၊ အလိုအလျောက်အထူးပြိုကွဲနိုင်သည့်ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းစဉ်အတွက် အထူးပုံစံထုတ်ပြုလုပ်ထားသော သို့မဟုတ် ပြုပြင်ထားသောပစ္စည်းကိရိယာများကို သိလျက်နှင့် သင်္ဘောဖြင့်သယ်ယူပို့ဆောင်ပေးမှု၊ အပိုဒ်ခွဲ(ဈ)၊ လူတစ်ဦးဦးကို တစ်နည်းနည်းဖြင့်သေစေရန်၊ အပြင်းအထန်ဒဏ်ရာရရှိစေရန် သို့မဟုတ် အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကို ဆိုးရွားစွာထိခိုက်ပျက်စီးစေရန် သင်္ဘောပေါ်အသုံးပြုမှု၊ အပိုဒ်ခွဲ (ည)၊ အကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်ခဲ့ကြောင်းသိလျက်နှင့် အကြမ်းဖက်သမားအား သင်္ဘောဖြင့်ပို့ဆောင်ပေးမှု၊ အပိုဒ်ခွဲ (ဋ) ပုဒ်မခွဲ (က)ကနေ ပုဒ်မခွဲ (ည)ထိပါရှိသော ပြစ်မှုတစ်ခုခုကို ကျူးလွန်ရန် တစ်နည်းနည်းဖြင့် ခြိမ်းခြောက်မှု။ အမှတ်စဉ် ၆၇ အခန်း (၈)၊ ပုဒ်မ ၂၈ အပိုဒ်ခွဲ(က)၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် သင်္ဘောများ၊ ဆိပ်ကမ်းများနှင့် သင်္ဘောဆိုက်ကပ်ရပ်နားရေးအတွက် လွယ်ကူအဆင်ပြေရန် စီမံထားသော အထောက်အကူပြုပစ္စည်းကိရိယာများအား ဘေးအန္တရာယ်ဖြစ်စေမည်ဟု ခြိမ်းခြောက်မှုများနှင့် ထိပါးတိုက်ခိုက်မှုများအား ကာကွယ်ရေး၊ အကူအညီတောင်းခံရေး၊ တားဆီးနှိမ်နင်းရေးနှင့် တိုက်ဖျက်ရေးတို့အတွက် အထူးသတိရှိစေရန် လုံခြုံရေးအဆင့်သတ်မှတ်၍ လိုအပ်သောအစီအစဉ်များချမှတ်ဆောင်ရွက်ရေးနှင့် သတင်းအချက်အလက်များပေးပို့ဖလှယ်ကြရန် သက်ဆိုင်ရာသင်္ဘောပိုင်ရှင်၊ ဆိပ်ကမ်းအာဏာပိုင်နှင့် သင်္ဘောကုမ္ပဏီများ၊ ရေယာဉ်မှူးများနှင့် ဆိပ်ကမ်းကိုယ်စားလှယ်များအားညွှန်ကြားရမည်။ အပိုဒ်ခွဲ(ခ)၊ သင်္ဘောကုမ္ပဏီများသည် ဤအခန်းပါ သက်ဆိုင်ရာလိုအပ်ချက်များကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာသင်္ဘောနှင့် ဆိပ်ကမ်းများ လွယ်ကူအဆင်ပြေစွာအသုံးပြုနိုင်ရေးနှင့် အသုံးအဆောင်ပစ္စည်းများလုံခြုံရေး ဥပဒေပါ လမ်းညွှန်ချက်များကိုလည်းကောင်းအလေးထား၍ လိုက်နာဆောင်ရွက်ရမည်။ အမှတ်စဉ် ၆၈ ပုဒ်မ ၂၉ အပိုဒ်ခွဲ(ခ)၊ သင်္ဘော၏ ဘေးကင်းမှုနှင့် လုံခြုံမှုတို့ကိုထိန်းသိမ်းရန်၊ လိုအပ်လျှင် ကုန်စည်၊ ကုန်သေတ္တာ သို့မဟုတ် အခြားအလုံပိတ် ကုန်စည်သယ်ဆောင်ပို့ရန်၊ သင်္ဘောပေါ်အတင်အချပြုလုပ်မှုကို ငြင်းဆိုခြင်းအပါအဝင် ရေယာဉ်မှူး၏ ရေကြောင်းပို့ဆောင်ရေးအတွေ့အကြုံ၊ ကျွမ်းကျင်မှုတို့နှင့်ဆုံးဖြတ်၍ ကျင့်သုံးဆောင်

**မူကြမ်း**

ရွက်ပိုင်ခွင့်ကို သင်္ဘောကုမ္ပဏီ၊ သင်္ဘောစင်းလုံးငှားရမ်းသူ သို့မဟုတ် အခြားသူတို့က တားဆီးချုပ်ခြယ်ခွင့်မပြုစေရ။

အမှတ်စဉ် ၆၉ ပုဒ်မ ၃၀ အပိုဒ်ခွဲ(က)၊ ရေယာဉ်မှူးသည် ဤအခန်းပါအကြမ်းဖက်မှုတစ်ခုခုကို ကျူးလွန်သည်ဟုယုံကြည်ရသူအား မိမိသင်္ဘောမှတ်ပုံတင်ထားသောနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့လည်းကောင်း ဆိုက်ရောက်ရာနိုင်ငံ၏ ရေကြောင်းဘက်ဆိုင်ရာ တာဝန်ရှိသူထံသို့ လည်းကောင်း ဖြစ်နိုင်သမျှကြိုတင်အကြောင်းကြားပြီး အတည်ပြုချက်ရယူလျက် သက်သေခံအထောက်အထားများဖြင့် ဆိုက်ရောက်ရာနိုင်ငံ၏ ရဲတပ်ဖွဲ့ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ရှိသူထံသို့ လွှဲအပ်နိုင်သည်။ အပိုဒ်ခွဲ(ခ) ပုဒ်မခွဲ(က)အရ လွှဲအပ်သည့်အကြမ်းဖက်သမားအား လက်ခံရရှိသော ရဲတပ်ဖွဲ့ဆိုင်ရာ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးဌာနဆိုင်ရာတာဝန်ရှိသူသည် ထိုအကြမ်းဖက်သမားအား ဤဥပဒေအခန်း(၁၆)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးနိုင်သည်။ အမှတ်စဉ် ၇၀ ပုဒ်မ ၃၂ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် အောက်ပါ သင်္ဘောများနှင့်မသက်ဆိုင်စေရ။ အမှတ်စဉ် ၇၁ အခန်း(၉)ခေါင်းစီးအား ပြောင်းခြင်းဖြစ်ပါသည်။ ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကို ဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုများအား တားဆီးနှိမ်နှင်းခြင်း။ အမှတ်စဉ် ၇၂ အခန်း(၉) ပုဒ်မ ၃၃၊ မည်သူမဆို အောက်ပါပြုလုပ်မှုကို ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်ပါက ရေအောက်သယံဇာတရှာဖွေရေး အဆောက်အအုံကိုဘေးအန္တရာယ်ဖြစ်စေသည့် ဥပဒေမဲ့ပြုလုပ်မှုဆိုင်ရာ ပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ(ဃ)၊ ရေအောက်သယံဇာတရှာဖွေရေးအဆောက်အအုံပျက်စီးစေရန် သို့မဟုတ် ဘေးအန္တရာယ်ဖြစ်စေရန် တစ်နည်းနည်းဖြင့် ဖျက်ဆီးရေးကိရိယာ သို့မဟုတ် အရာဝတ္ထုတစ်ခုခုကို ထိုအဆောက်အအုံပေါ်တွင်ချထားမှု သို့မဟုတ် ချထားစေမှု။ အမှတ်စဉ် ၇၃ အခန်း(၁၀)၏ ခေါင်းစီးပြောင်းခြင်းဖြစ်ပါသည်။ စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် အမှတ်အသားပြုလုပ်ရေးနှင့် အမှတ်အသားပြုလုပ်မထားသည့် ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုများအားတားဆီးနှိမ်နင်းခြင်း။ အမှတ်စဉ် ၇၄ အခန်း (၁၀)၊ ပုဒ်မ ၃၅ အပိုဒ်ခွဲ(က)၊ ၁၉၉၁ ခုနှစ် စုံစမ်းထောက်လှမ်းရှာဖွေရေးအတွက် ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းများ အမှတ်အသားပြုလုပ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း မပြုသည့်အပြင် မည်သည့်ပေါက်ကွဲစေတတ်သော ပစ္စည်းပါဝင်ကြောင်း မှတ်သားထားခြင်းမရှိသည့် ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းကို နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ဖြစ်စေ၊ နယ်နိမိတ်ပြင်ပသို့ဖြစ်စေ၊ အခွင့်ရအာဏာပိုင်၏ ခွင့်ပြုချက်မရှိဘဲ ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု၊

တင်သွင်းမှု၊ တင်ပို့မှု၊ ဖြတ်သန်းသယ်ယူပို့ဆောင်မှု သို့မဟုတ် ဆိုက်ကပ်ရပ်နားမှုပြုလုပ်ပါက ပေါက်ကွဲစေတတ်သော ပလပ်စတစ်ဝတ္ထုပစ္စည်းဆိုင်ရာ ပြစ်မှုမြောက်သည်။ အမှတ်စဉ် ၇၅ ပုဒ်မ ၃၈ အပိုဒ်ခွဲ(ခ)၊ ဤအခန်းပါပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်သော ပေါက်ကွဲစေတတ်သည့် ဝတ္ထုပစ္စည်းများအားဖြစ်နိုင်သမျှဆောလျင်စွာ ဖျက်ဆီးရမည်။

အမှတ်စဉ် ၇၆ အခန်း (၁၁) ၏ ခေါင်းစီးပြောင်းခြင်း ဖြစ်ပါသည်။ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း။ အမှတ်စဉ် ၇၇ ပုဒ်မ ၃၉၊ မည်သူမဆိုသေစေရန် သို့မဟုတ် အပြင်းအထန်ဒဏ်ရာရစေရန်သော်လည်းကောင်း၊ စီးပွားရေးနစ်နာဆုံးရှုံးမှုကြီးမားစွာဖြစ်စေရန်သော်လည်းကောင်း၊ ကျယ်ကျယ်ပြန့်ပြန့်ပျက်စီးစေရန်သော်လည်းကောင်း ရည်ရွယ်၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဥပဒေနဲ့မညီဘဲ တမင်ကျူးလွန်လျှင် အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုဆိုင်ရာပြစ်မှုမြောက်သည်။ အပိုဒ်ခွဲ(က)၊ အများပြည်သူ အသုံးပြုသည့်နေရာတွင်ဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ ယာဉ်စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ် သို့မဟုတ် အခြေခံအဆောက်အအုံ ပစ္စည်းတစ်ခုခုတွင်ဖြစ်စေ၊ ပေါက်ကွဲစေတတ်သောပစ္စည်းကို ပေးအပ်မှု၊ ချထားမှု၊ စွန့်ပစ်မှု သို့မဟုတ် ဖောက်ခွဲမှု သို့မဟုတ် ယင်းတို့ကို ဖျက်ဆီးမှု။ အမှတ်စဉ် ၇၈ ပုဒ်မ ၄၀၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီသည် အကြမ်းဖက်ဗုံးခွဲ တိုက်ခိုက်မှုဆိုင်ရာပြစ်မှုများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး၊ တားဆီးနှိမ်နင်းရေးနှင့် အရေးယူဆောင်ရွက်ခြင်းတို့အတွက် အစီအမံများချမှတ်ပြီး ဆောင်ရွက်ခြင်း၊ တပ်ဖွဲ့ဝင်များအား ဆောင်ရွက်စေခြင်းနှင့် ကြီးကြပ်ခြင်းတို့ကိုပြုလုပ်ရမည်။ အမှတ်စဉ် ၇၉ အခန်း(၁၂)၏ ခေါင်းစီးပြောင်းခြင်းဖြစ်ပါသည်။ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း။ အမှတ်စဉ် ၈၀ အခန်း(၁၂) ပုဒ်မ ၄၂၊ မည်သူမဆိုသိလျက်နှင့်ဖြစ်စေ၊ သိရန်အကြောင်းရှိ လျက်နှင့်ဖြစ်စေ အောက်ပါတစ်ခုခုကိုပြုလုပ်လျှင် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုကို ကျူးလွန်ရာရောက်သည်။ အမှတ်စဉ် ၈၁ ပုဒ်မ ၄၇ အပိုဒ်ခွဲ(က)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ သို့မဟုတ် အကျိုးအမြတ်မရည်ရွယ်သော အဖွဲ့အစည်းများ၏ရန်ပုံငွေများနှင့် ပစ္စည်းများကို အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားများထံ မရောက်ရှိစေရေးအတွက်လည်းကောင်း၊ ယင်းအဖွဲ့အစည်းများအဖြစ် အသွင်ယူကာ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုတို့က ဖွဲ့စည်းဆောင်ရွက်ခြင်းမပြုနိုင်စေရေးအတွက်လည်းကောင်း၊ အကြမ်းဖက်သမားနှင့် အကြမ်းဖက်အုပ်စုများအတွက် ငွေကြေးထောက်ပံ့ရန်လမ်းကြောင်းအဖြစ် အသုံးမပြုနိုင်စေရေးအတွက်လည်းကောင်း၊ လိုအပ်သော စုံစမ်း

ထောက်လှမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူမှုအစီအမံများ ချမှတ်ခြင်းပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့များ တားဆီးနှိမ်နှင်းရေးအဖွဲ့များ သို့မဟုတ် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ကို ပြုလုပ်ရမည်။ အမှတ်စဉ် ၈၂ ပုဒ်မ ၅၅၊ အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယခင်ကလည်း အကြမ်းဖက်ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလျှင် ထပ်မံကျူးလွန်သော အကြမ်းဖက်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

အမှတ်စဉ် ၈၃ ပုဒ်မ ၅၆၊ တရားရုံးသည် အကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုဖြင့် ပြစ်ဒဏ်ချမှတ်လျှင် သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ငွေကြေးနှင့်ပစ္စည်းများကို နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းယူခြင်း သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲခြင်းပြုသည့်အမိန့်ချမှတ်ရမည်။ အမှတ်စဉ် ၈၄ မူလပုဒ်မ ၅၆ အားပယ်ဖျက်ခြင်း ဖြစ်ပါတယ်။ အမှတ်စဉ် ၈၅ အခန်း(၁၆) အား ခေါင်းစီးပြောင်းခြင်း ဖြစ်ပါတယ်။ အခန်း(၁၆)၊ တရားခံလွှဲပြောင်းပေးခြင်း။ အမှတ်စဉ် ၈၆ ပုဒ်မ ၅၉၊ အကြမ်းဖက်သမားတရားခံအား လွှဲပြောင်းပေးခြင်းနှင့်စပ်လျဉ်း၍ အပိုဒ်ခွဲ(က)၊ ဤဥပဒေပါအကြမ်းဖက်မှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုတစ်ခုခုကို တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုဖြစ်သည်ဟု မှတ်ယူပြီး တရားခံလွှဲပြောင်းရေးကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ အပိုဒ်ခွဲ(ဂ)၊ ဗဟိုအဖွဲ့၏ လမ်းညွှန်ချက်အရ သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အကြမ်းဖက်သမားတရားခံကို လွှဲပြောင်းပေးခြင်း သို့မဟုတ် လက်ခံခြင်းကိစ္စများကို သတ်မှတ်ချက်များနှင့်အညီ လိုအပ်သလို စီစဉ်ဆောင်ရွက်စေရမည်။ အမှတ်စဉ် ၈၇ အခန်း(၁၇)၊ ၏ ခေါင်းစီးပြောင်းခြင်း ဖြစ်ပါသည်။ အခန်း (၁၇) အရေးယူရာတွင် တရားမျှတစွာပြုမူဆက်ဆံခြင်း။ အမှတ်စဉ် ၈၈ အခန်း(၁၈) ပုဒ်မ ၆၃ အပိုဒ်ခွဲ(က)၊ တည်ဆဲဥပဒေနှင့်အညီ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေမှ ထောက်ပံ့ငွေ။ အမှတ်စဉ် ၈၉ အခန်း(၁၈) ပုဒ်မ ၆၃ အပိုဒ်ခွဲ(ခ)အား ပယ်ဖျက်ခြင်းဖြစ်ပါသည်။ အမှတ်စဉ် ၉၀ အခန်း(၁၈) ပုဒ်မ ၆၄၊ ဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို အောက်ပါကိစ္စများအတွက် အသုံးပြုရန်နှင့် ကုန်ကျစရိတ်များကျခံရန် ခွင့်ပြုနိုင်သည်။ အမှတ်စဉ် ၉၁ ပုဒ်မ ၆၉၊ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ အကြမ်းဖက်မှုများကို ဤဥပဒေဖြင့်သာ အရေးယူရမည်။ အမှတ်စဉ် ၉၂ ပုဒ်မ ၇၀၊ အကြမ်းဖက်မှုတစ်ခုခုဖြင့် တရားစွဲရာတွင် ဗဟိုအဖွဲ့ သို့မဟုတ် ဗဟိုအဖွဲ့က လွှဲအပ်ပေးထားသော အဖွဲ့၏ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။ အမှတ်စဉ် ၉၃ ပုဒ်မ ၇၂ အပိုဒ်ခွဲ (က)၊ ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရ

အဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။ အပိုဒ်ခွဲ(ဂ)၊ လုပ်ငန်းကော်မတီသည် ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်တင်ပြချက် ၈၃ ချက်အား ပြည်သူ့လွှတ်တော်နည်းဥပဒေ ၁၉၃ နှင့်အညီ လက်ခံအတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥပဒေကြမ်းကော်မတီက ပြင်ဆင်တင်ပြထားမှုများသည် Spirit of Law ကိုသာအတည်ပြုရမှာဖြစ်ပြီး Letter of Law နဲ့ဆက်စပ်တဲ့ သတ်ပုံအရသော်လည်းကောင်း၊ ရေးထုံးအားဖြင့်သော်လည်းကောင်း၊ မှားယွင်းခြင်း၊ လိုအပ်ခြင်းများရှိပါက ဤလွှတ်တော်အတွင်းဆွေးနွေးရန်မရှိပါ။ ဆွေးနွေးရန်တွေ့ရှိပါက သီးခြားဆွေးနွေးပြီး ပြင်ဆင်ချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြပြီး ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ကျွန်တော်တင်ပြခြင်းသည် သတ်ပုံမှားတယ်။ ရေးထုံးမှားတယ်ဆိုတာ လွှတ်တော်ထဲမှာ ဆွေးနွေးမှာမဟုတ်ပါဘူး။ ပြင်ဆင်အဆိုပြုတဲ့ တင်ပြချက်ရဲ့ သဘောသဘာဝအနှစ်သာရကိုသာ ဆွေးနွေးဆုံးဖြတ်မှာဖြစ်ကြောင်းထပ်လောင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီက တင်ပြသွားတဲ့ ပြင်ဆင်ချက် ၈၃ ချက်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သပါတယ်။ ယနေ့ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ အမျိုးသားလွှတ်တော်ကနေ ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပုဒ်မ ၆၊ ပုဒ်မခွဲ (စ) အဖြစ် အသစ်ဖြည့်စွက်နိုင်ပါရန်အတွက် ကျွန်တော်ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခဏလေး။ ထပ်ပြီးတော့မှ ဆက်ပြီးတော့မှဆောင်ရွက်ပါ။ လောလောဆယ် ဥပဒေကြမ်းကော်မတီက ပြင်ဆင်တဲ့အဆိုပြုချက် ၈၃ ချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ပြည်ထောင်စုအဆင့်ကိုယ်စားလှယ်က ကန့်ကွက်ရန်ရှိပါသလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ မရှိပါဘူး။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ကန့်ကွက်ရန်မရှိပါ။ လွှတ်တော်က ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၈၃ ချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆိုပြုချက် ၈၃ ချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပြီးခဲ့တဲ့ကာလက ဒုတိယဝန်ကြီးတင်ပြတဲ့ ကဏ္ဍသည် ဒီကနေ့ ပြင်ဆင်အဆိုပြုထားတဲ့ ဦးခိုင်မောင်ရည်နဲ့ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းတို့ရဲ့ ရှေ့မှာရှိတယ်ဆိုလို့ရှိရင် ပြင်ဆင်ချက်အဆိုတင်သွင်းနိုင်ပါတယ်။ သို့မဟုတ် နောက်မှာဆိုလို့ရှိရင်တော့ တင်ပြထားတဲ့ ဦးခိုင်မောင်ရည်က စတင်ပြီးတော့ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ ဒါကြောင့် ဦးခိုင်မောင်ရည်စပြီးတော့ အဆိုတင်သွင်းပါ။

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားနဲ့ဖော်ပြပါ။ ကန့်လန့်ဖြတ် ဇယားစာမျက်နှာ ၁ အမှတ်စဉ် ၃၊ အမှတ်စဉ် ၄၊ အမှတ်စဉ် ၅၊ အမှတ်စဉ် ၆၊ တစ်ဆက်တည်း မိမိတင်ပြရမှာ တစ်ဆက်တည်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ပြည်ထောင်စုဧည့်သည်တော်များအားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ။ ကျွန်တော်ကတော့ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာပူးပေါင်းကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ပူးပေါင်းပြီးတော့မှ ဒီဥပဒေကို ပြင်ဆင်ခဲ့ကြပါတယ်။ ဒီဥပဒေကိုပြင်ဆင်တဲ့အခါမှာ UN Convention နဲ့ကိုက်ညီစေရန်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာအကြမ်းဖက်မှုဥပဒေများ၊ စံနှုန်းများဖြင့်ကိုက်ညီစေရန်လည်းကောင်း၊ လက်ရှိမြန်မာနိုင်ငံရဲ့အခြေအနေနဲ့ ကိုက်ညီစေရန်လည်းကောင်း၊ နယ်စပ်ဖြတ်ကျော်မှု မှုခင်းများ၊ အကြမ်းဖက်များကိုတိုက်ဖျက်ရာတွင် မှန်ကန်မှု၊ ခိုင်မာမှုရှိတဲ့ ဥပဒေအဖြစ် လက်ခံကျင့်သုံးနိုင်ရန်လည်းကောင်း ရည်ရွယ်ပြီးတော့မှ ဒီဥပဒေပြုရေးမှာ ပူးပေါင်းပါဝင်ပြီးတော့ ပြင်ဆင်ချက်များဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ပြင်ဆင်ချက်အချို့မှာတော့ မူလရည်ရွယ်ချက်မပျက် ပိုမိုတိကျရှင်းလင်းစေရန် ရည်ရွယ်ပြင်ဆင်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်ပြင်ဆင်ခဲ့တဲ့ ရည်ရွယ်ချက် ၁၄ ချက်တင်သွင်းခဲ့တာဖြစ်ပြီးတော့ ယခု ပြင်ဆင်

ချက်အားလုံး ကျွန်တော်တို့ ညှိနှိုင်းသဘောတူရေးဆွဲမှုတစ်ရပ် ကျွန်တော်တို့ ၈ ချက်အနေနဲ့ တစ်ဆက်တည်းတင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စာမျက်နှာနံပါတ်(၁) အမှတ်စဉ် ၃ ကျွန်တော်၏ ပြင်ဆင်ချက်ကို တစ်ဆက်တည်းဖတ်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ မည်သူမဆို အများပြည်သူ၏လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသော အခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊ အမှတ်စဉ် ၄ ပုဒ်မခွဲ (က)၊ မည်သူမဆို အကြမ်းဖက်မှုကိုကျူးလွန်သော သို့မဟုတ် ကျူးလွန်ရန်ကြံစည်သော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကိုဖြစ်စေ အားပေးကူညီရာရောက်သော ငွေကြေးထောက်ပံ့မှုလို့ပြင်ဆင်ပါတယ်။ အမှတ်စဉ် ၆ အနေနဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(စ)မှာ မည်သူမဆို တည်ဆဲဥပဒေတစ်ရပ်ရပ်အရ နိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် အခြားစက်တပ်ယာဉ်တစ်ခုခုပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှုလို့ပြင်ဆင်ပါတယ်။ စာမျက်နှာ ၂ အမှတ်စဉ် ၇ ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)၊ ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြေးဆွဲသော သို့မဟုတ် ငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင် အမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊ စာမျက်နှာနံပါတ်(၄) အမှတ်စဉ် ၂၁ ဖြစ်ပါတယ်။ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၀) ဖြစ်ပါတယ်။ အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ အများပြည်သူ သို့မဟုတ် တစ်ဦးတစ်ယောက်အတွက် အရေးကြီးသောအခြေခံအဆောက်အအုံများကိုဖြစ်စေ၊ နိုင်ငံပိုင်အဆောက်အအုံ စက်ကိရိယာနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများဖြစ်ပါတယ်။ အမှတ်စဉ် ၂၂ ပုဒ်မ ၃ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၃) ဖြစ်ပါတယ်။ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှုဖြစ်ပေါ်စေခြင်း၊ အစိုးရ သို့မဟုတ် ပြည်တွင်း ပြည်ပအဖွဲ့အစည်းတစ်ခုခုအား ဥပဒေနှင့်မညီသည့် လုပ်ရပ်တစ်ခုကို အတင်းအကြပ်ပြုလုပ်စေခြင်း သို့မဟုတ် ဥပဒေနှင့်အညီပြုလုပ်ရမည်ကို မပြုလုပ်ဘဲရှောင်ရှားစေခြင်းတို့ကို ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန်နှင့် အခြားပြုလုပ် မှုများဖြစ်ပါတယ်။ အမှတ်စဉ် ၂၃

ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၁၅)၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင်ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်ရာတွင်ဖြစ်စေ တစ်ဦးဦးအားပါဝင်စေရန် တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများဖြစ်ပါတယ်။ အမှတ်စဉ် ၂၄ ပုဒ်မခွဲငယ် (၁၆)၊ အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင်သိလျက်နဲ့ ပါဝင်ဆောင်ရွက်ရန် တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန်ပြုလုပ်မှုများဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏ ပြင်ဆင်ချက်အဆိုအား လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဦးခိုင်မောင်ရည်ရဲ့ ပြင်ဆင်ချက်အဆိုများအား ကန့်ကွက်ရန်ရှိပါသလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ကန့်ကွက်ရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးခိုင်မောင်ရည်၊ အလုံမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆိုအားလုံးအား အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၂၈၊ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ပြင်ဆင်အဆိုပြု ဖို့ဖိတ်ခေါ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းရဲ့ အခန်း(၂) ပုဒ်မ ၃ အပိုဒ်ခွဲ(ဍ) အားပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းရဲ့ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆ အမှတ်စဉ် ၂၈ မှာ ကျွန်တော့်အနေနဲ့ နျူကလီးယားဒြပ်ပစ္စည်းဆိုသည်မှာ ပါဝင်ကိန်းမြင့်တင်ထားသော ယူရေနီယံသတ္တုရိုင်း သို့မဟုတ် ကြွင်းကျန်သတ္တုရိုင်းမှ သဘာဝအလျောက်ဖြစ်ပွားလာသည့် ယူရေနီယံပါဝင်သည့် အိုင်ဆိုတုပ် အရောအနှောများ၊ ယူရေနီယံ၊ ပလူတိုနီယံ-၂၃၈ အိုက်ဆိုတုပ်နှင့် ဖော်ပြပါ ဒြပ်ပစ္စည်းတစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပို၍ပါဝင်သော မည်သည့်ဒြပ်ပစ္စည်းများကိုမဆို ဆိုသည်။ ထို့အပြင် နျူကလီးယားပေါင်းစည်းခြင်းဖြစ်စဉ်နှင့်သက်ဆိုင်သော Cranium၊ ထရီတီယံ၊ နျူတီရီယံစသည့် အိုင်ဆိုတုပ်များလည်း ပါဝင်သည်ဆိုပြီး ကျွန်တော်ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့

တင်ပြရရင် ဥပဒေကြမ်းရဲ့ မူလအဆိုပြုချက်မှာပါတဲ့ စုစည်းပါဝင်မှု ၈၀ ရာခိုင်နှုန်းအောက် ပလူတိုနီယံ-၂၃၈ ၈၀ ရာခိုင်နှုန်း Concentration of ပလူတိုနီယံ-၂၃၈ ဆိုတဲ့ဟာရယ် ကျွန်တော်တို့ ယူရေနီယံ ၂၃၃၊ ၂၃၅ အိုင်ဆိုတုပ်များလို့ ဖော်ပြတဲ့ဟာမှာ ရောထွေးမှုများရှိနိုင်ပြီးတော့မှ ဥပဒေအရ ခြုံငုံမိစေရန် ယူရေနီယံ အိုင်ဆိုတုပ် အရောများဟုလည်းကောင်း၊ နောက် ပလူတိုနီယံ-၂၃၈ အိုင်ဆိုတုပ်ဟုလည်းကောင်း၊ ရှင်းလင်းလွယ်ကူစွာနဲ့ ဥပဒေအရ ခြုံငုံမိစေရန် ပြင်ဆင်အဆိုပြုရခြင်းဖြစ်ပါတယ်။ ယနေ့ကာလမှာ အဖျက်စွမ်းအားမြှင့်လက်နက်တွေကို စမ်းသပ်ထုတ်လုပ်လာကြရာမှာ ဒြပ်ဝတ္ထုပစ္စည်း Materials ပမာဏ သေးငယ်နိုင်သမျှသေးငယ်ပြီး ဖျက်ဆီးနိုင်စွမ်းမြင့်မားတဲ့ Materials တွေကို သုံးစွဲလာကြတာတွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ Nuclear Materials ကိုဖော်ပြတဲ့အခါမှာ Fusion Process နဲ့ပတ်သက်တဲ့ဟာကိုလည်း ထည့်သွင်းဖော်ပြဖို့လိုအပ်မှာဖြစ်ပါတယ်။ မူလအဆိုပြုပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းချက်မှာ ယူရေနီယံ၊ ပလူတိုနီယံစတဲ့ Nuclear ကွဲခြင်းဖြစ်စဉ် Fission Process များသာပါရှိပြီးတော့ ကျွန်တော်တို့ Fusion Process တွေကိုမတွေ့ရပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ Nuclear ဒြပ်ပစ္စည်းဆိုရာတွင် ကွဲခြင်းဖြစ်စဉ် Fission Process များသာမက Nuclear ပေါင်းစည်းခြင်းဖြစ်စဉ် Fusion Process များကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြင်ဆင်အဆိုပြုချက်မှာ ထို့အပြင် Nuclear ပေါင်းစည်းခြင်းဖြစ်စဉ်နှင့်သက်ဆိုင်သော ထရီတီယံ၊ ဒျူတီရီယံစတဲ့ Isotope (Hydrogen Isotope များဖြစ်ပါတယ်) များလည်းပဲ ပါဝင်သည်လို့ ဖြည့်စွက်ထားတာဖြစ်ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ အခုပြဋ္ဌာန်းတဲ့ ဥပဒေမှာ ဓာတုလက်နက် Chemical Weapons နှင့် Biological Weapons ကို ဖော်ပြတဲ့အခါမှာ ယေဘုယျဆန်တဲ့ ဖော်ပြချက်များသာ တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နောင်မှာ ကျွန်တော်တို့ အငြင်းပွားစရာတွေရှိလာနိုင်မှာဖြစ်ပါတယ်။ သို့အတွက်လည်း ကျွန်တော်တို့ နည်းဥပဒေနောက်ပိုင်း ရေးဆွဲပြဋ္ဌာန်းတဲ့အခါမှာ ပြည့်စုံစွာထည့်သွင်းရေးဆွဲနိုင်ရေးအတွက် ဆောင်ရွက်သွားမယ်လို့ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆွေးနွေးမှုများအရသိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်၏ ပြင်ဆင်အဆိုပြုချက်အား အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ကန့်ကွက်ရန်ရှိပါသလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ကန့်ကွက်ရန်မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်မှ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မူလ ဥပဒေကြမ်းကို စတင်တင်သွင်းခဲ့တဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ထပ်မံ၍အဆိုပြုချက်တင်ပြလိုကြောင်း တင်ပြထားပါတယ်။ ဒါကြောင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ တင်ပြသွားဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်မှူချုပ်ကျော်ဇံမြင့်ဖြစ်ပါတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းနှင့်စပ်လျဥ်းပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြတဲ့အမှတ်စဥ် ၄၀ မှာပါဝင်တဲ့ ပုဒ်မ ၆၊ ပုဒ်မခွဲ(စ)ကို အသစ်ဖြည့်စွက်နိုင်ဖို့အတွက်ကို တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနဟာ ဒီဥပဒေမူကြမ်းကို ပြုစုရာမှာ နိုင်ငံတော်ကအဖွဲ့ဝင်အဖြစ်ပါဝင်တဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း၊ နောက်ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ထုတ်ပြန်ထားတဲ့ အကြမ်းဖက်တိုက်ဖျက်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များကို မှီငြမ်းကိုးကားပြီးတော့ ရေးဆွဲပြုစုခဲ့ခြင်းဖြစ်ပါတယ်။ နိုင်ငံတကာစံနှုန်းများနဲ့လည်းအညီ ဖြစ်စေဖို့အတွက်ကို UNOTCILAPG နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်ပညာရှင်များနဲ့လည်း ညှိနှိုင်းဆွေးနွေးမှုများ၊ အကြံပြုချက်များရယူပြီးတော့ ပြုစုခဲ့ခြင်းဖြစ်ပါတယ်။ ဤဥပဒေမူကြမ်းမှာ ပုဒ်မပေါင်း ၇၂ ခုပါရှိရာမှာ ပုဒ်မ ၆ သည်ဗဟိုအဖွဲ့ရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်များဖြစ်တဲ့အတွက် ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ (ထ) အထိ ၁၇ ချက်နဲ့ပြဋ္ဌာန်းရန်အဆိုပြု တင်ပြခဲ့ပါတယ်။ ဒီဥပဒေမူကြမ်းကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီဖြစ်စေဖို့ UNOTCI ရဲ့ အကြံပြုချက်အရ စိစစ်ရာမှာ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံဖြတ်ချက်အမှတ် ၁၂၆၇ ရဲ့ ပုဒ်မခွဲ ၄(က)မှာ တာလီဘန်အကြမ်းဖက်သမားတို့အားဖြစ်စေ၊ ၎င်းတို့အားကိုယ်စားပြုလျက်ဖြစ်စေ၊ ပိုင်ဆိုင်သော၊ ငှားရမ်းအသုံးပြုသော သို့မဟုတ် ထိန်းချုပ်ပျံသန်းသော မည်သည့်လေယာဥ်ကိုမျှ မိမိပိုင်နက်နယ်မြေ အတွင်းဆင်းသက်ခြင်း၊

ယင်းမှ ပျံသန်းတက်ရောက်ခြင်းများဆောင်ရွက်ရန် ခွင့်မပြုရဟုပါရှိတဲ့အချက်များကို ဖြည့်စွက်ရန်လို အပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတကာ စံချိန်စံညွှန်းများနဲ့အညီဖြစ်စေရန် ယင်းဆုံးဖြတ်ချက်အမှတ် ၁၂၆၇ ပါ ပြဋ္ဌာန်းချက်များလည်း ပါဝင်စေရန်အတွက် ဆုံးဖြတ်ချက်အမှတ် ၁၂၆၇ ရဲ့ပုဒ်မခွဲ ၄၊(က) အားမှီငြမ်းပြီးတော့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်များအနက် အချက်တစ်ချက်ဖြင့် ထည့်သွင်းလျက် ဥပဒေမူကြမ်း ပုဒ်မ ၆၊ ပုဒ်မခွဲ(စ)ဖြင့် ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြင့် ဗဟိုအဖွဲ့ရဲ့တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ၁၈ ချက်အထိ ပြဋ္ဌာန်းပါရှိမှာဖြစ်ပါတယ်။ အသစ်ဖြည့်စွက်ပြဋ္ဌာန်းလိုတဲ့အချက်ကတော့ အကြမ်ဖက်အုပ်စု သို့မဟုတ် အကြမ်းဖက်သမားက ပိုင်ဆိုင်သော သို့မဟုတ် ငှားရမ်းအသုံးပြုသော သို့မဟုတ် ထိန်းချုပ်ပျံသန်းသော လေယာဉ်များအား နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေအတွင်းဆင်းသက်ခြင်း၊ ယင်းမှပျံတက်ထွက်ခွာခြင်းမပြုနိုင်ရေး အစီအမံများချမှတ်ဆောင်ရွက်နိုင်ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ အတည်ပြုလာတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပုဒ်မခွဲ ၆၊ ပုဒ်မခွဲ(စ) အားအသစ်ဖြည့်စွက်ပြဋ္ဌာန်းပေးနိုင်ပါရန်နှင့် လွှတ်တော်၏အဆုံးအဖြတ်ကို နာခံသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဌာနကအသစ် ဖြည့်ဆည်းတဲ့ပြင်ဆင်ချက်နှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ပြင်ဆင်ချက်ဟာ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီနဲ့ ဥပဒေရေးရာပညာရှင်များ၊ ဘာသာရပ်ကျွမ်းကျင်သူများ ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနတာဝန်ရှိသူများနှင့် ညှိနှိုင်းထားချက်ဖြစ်ပါတယ်။ ကုလသမဂ္ဂ UNOTC ဌာနေကိုယ်စားလှယ်အနေဖြင့် ဒါဒီဥပဒေကြမ်းကို UNOTCINF နဲ့ APJ တို့ရဲ့အကြံပြုချက်များနဲ့ ပိုမိုပြည့်စုံစေရန်အတွက် နိုင်ငံတကာစံနှုန်းတွေနဲ့ကိုက်ညီအောင် လုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်များနဲ့ညီညွတ်စေရန် အကြံပြုချက် အချက် ၁၈ ချက်အကြံပြုထားခြင်းဖြစ်ပါတယ်။ အဲ့ဒီ ၁၈ ချက်ထဲမှာ ၁၇ ချက်ဟာ ကျွန်တော်တို့ရဲ့ ဥပဒေကြမ်းထဲမှာပါရှိပြီးကြောင်း စိစစ်တွေ့ရှိရပါတယ်။ အချက်တစ်ချက်ကတော့ လိုအပ်နေပါတယ်။ ဒီအချက်က အခု ပြည်ထဲရေးဝန်ကြီးဌာနတင်ပြသွားတဲ့ အကြမ်းဖက်သမားများပိုင်ဆိုင်တဲ့ ငှားရမ်းထားတဲ့လေယာဉ်တွေ ကျွန်တော်တို့ရဲ့နိုင်ငံအတွင်း ကျွန်တော်တို့နယ်မြေအတွင်းတက်ခြင်း၊ ဆင်ခြင်းမပြုနိုင်ဖို့ အစီအမံများ ချမှတ်ဆောင်ရွက်ဖို့ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ အမှန်တကယ်လည်း ပိုမိုပြည့်စုံပြီးတော့၊ ပိုမိုလိုအပ်ပြီး တော့ကျွန်တော်တို့

လုံခြုံရေးကောင်စီရဲ့ဆုံးဖြတ်ချက်များ စံချိန်စံညွှန်းနဲ့ကိုက်ညီရန်ဖြစ်တဲ့အတွက် ဒါဥပဒေကြမ်းကော်မတီအနေနဲ့ သဘောတူပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အသစ်ဖြည့်စွက်ခြင်းအား လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အသစ်ဖြည့်ခြင်းအား အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ကျွန်တော် လွှတ်တော်မှာတင်ပြခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ အထူးမေတ္တာရပ်ခံချက်အရ ကျွန်တော်တို့ နိုင်ငံအတွက်လိုအပ်နေတဲ့ ဥပဒေနှစ်ခုကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ဖို့ မေတ္တာရပ်ခံချက်ပေါ်မူတည်ပြီးတော့ လွှတ်တော်မှာရှိကြတဲ့ ဥပဒေကြမ်းကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပညာရှင်များ ဆောင်ရွက်တဲ့နေရာမှာ တစ်ရက်မှာ UNOTC က ဒီဥပဒေများကို လေ့လာသုံးသပ်ပြီး လိုအပ်ချက်များရှိနေတယ်။ ဒါကို ထည့်သွင်းဆောင်ရွက်ပေးမှသာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်မြောက်မယ်ဆိုတဲ့ အကြံပြုချက်ကိုလက်ခံပြီး လက်ရှိ အကြမ်းဖက်ဥပဒေ၊ ငွေကြေးခဝါချတိုက်ဖျက်မှုဆိုင်ရာဥပဒေများကို ပြန်လည်လေ့လာသုံးသပ်ပြီးတော့ လွှတ်တော်မှာတင်ပြဆောင်ရွက်ခဲ့ပါတယ်။ အခုအသစ်ဖြည့်စွက်ခြင်းကိုလည်းပြီးခဲ့တဲ့ စနေ၊ တနင်္ဂနွေအတွင်းမှာ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ ဥပဒေကြမ်းကော်မတီ၊ သက်ဆိုင်သူများနဲ့ ညှိနှိုင်းပါတယ်။ သူတို့ညှိနှိုင်းချက်ကို ကျွန်တော့်ဆီလှမ်းပြီးတော့ အကြောင်းကြားပါတယ်။ အကြောင်းကြားတဲ့အခါမှာ ဒီဟာသည် တကယ်လိုအပ်တဲ့ကိစ္စတစ်ခုလည်းဖြစ်တယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အမှတ်ဘယ်လောက်ဘယ်လောက်နဲ့ ကိုက်ညီတယ်။ ကျွန်တော်တို့တွေဥပဒေပြုတဲ့နေရာမှာ ကျွန်တော်တို့လက်ခံကျင့်သုံးနေတဲ့ Conventions တွေ Treaties တွေကိုလည်း ကျွန်တော်တို့ လိုက်နာရမှာဖြစ်တယ်ဆိုတဲ့ မူအခြေခံနဲ့ညီတဲ့အတွက် ဒီဟာကို လက်ခံဆောင်ရွက်ပေးပါဆိုပြီးတော့ လွှတ်တော်ရုံးပိတ်ရက်၊ ရုံးပိတ်ချိန်အလွန်ကာလမှာ ဆောင်ရွက်ခဲ့တဲ့ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုဆောင်ရွက်နိုင်ခြင်းအတွက် ကျွန်တော်နဲ့ပူးပေါင်းပါဝင်ခဲ့တဲ့ UNOTC၊ ပူပေါင်းပါဝင်နိုင်ရေးအတွက်ဆောင်ရွက်ပေးတဲ့ပုဂ္ဂိုလ်များနဲ့ အခုလိုကြိုးစားပမ်းစားဆောင်ရွက်ပေးကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များကိုလည်း ကျွန်တော်တို့အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် အစကတင်ပြခဲ့တဲ့ဒီနေ့ဟာ Spirit of Laws ဥပဒေရဲ့အနှစ်သာရများကိုသာ လွှတ်တော်အတွင်းမှာ အတည်ပြုတာဖြစ်ပြီးတော့ Letter of Laws လို့ခေါ်တဲ့ ဥပဒေအရ ရေးထုံးရေးနည်းနဲ့သက်ဆိုင်တဲ့ သတ်ပုံအမှားကိစ္စကို

လွှတ်တော်အတွင်းမှာ ဆွေးနွေးခြင်းမပြုဘူးဆိုတာကို ကျွန်တော်တို့ ကြိုတင်တင်ပြခဲ့တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ပြင်ဆင်ချက်အဆို တင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခဲ့ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေကြမ်း တစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ။** ။သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသား လွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၂၅၊**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီးခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၂း၂၅ နာရီအချိန်တွင်ရပ်နားပါသည်။]